# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၇၈)၊ ၁၃၈၈ ခုနှစ် ၊ နယုန်လပြည့်ကျော် ၅ ရက် ၊ ၄–၆–၂၀၂၆၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကျွန်ုပ်တို့ အနာဂတ်အတွက် မရှိမဖြစ်လိုအပ်သော တာဝန်တစ်ရပ် ဖြစ်သည်။

## အစိုးရပါဠိပထမပြန် စာမေးပွဲအထူးအောင် ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပပြီးစီးခဲ့သည့် ၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်) အစိုးရပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၆၀၂၁ ပါး/ ဦးအနက် ၁၁၁၇ ပါး/ဦး အောင်မြင်၍ ၁၈ ဒသမ ၅၅ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၈၂၄၉ ပါး/ဦးအနက် ၂၃၇၆ ပါး/ဦး အောင်မြင်၍ ၂၈ ဒသမ ၇၉ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၄၂၆၈ ပါး/ဦးအနက် ၄၅၂၂ ပါး/ဦး အောင်မြင်၍ ၃၁ ဒသမ ၆၉ ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင် ဖြေဆိုသူ ၂၃၁၇၈ ပါး/ဦးအနက် ၁၁၄၅၃ ပါး/ဦး အောင်မြင်၍ ၄၉ ဒသမ ၄၀ ရာခိုင်နှုန်း အောင်မြင်ကြသည်။

စာမျက်နှာ ၄ သို့ ○




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ(Myanmar-India Business Dialogue)တွင် အဖွင့်အမှာစကားပြောကြားစဉ်။

## မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ(Myanmar-India Business Dialogue)ကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၃

မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ(Myanmar-India Business Dialogue) ကို ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ The Taj Mahal Palace ဟိုတယ်၌ ကျင်းပရာ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ⁂

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၃

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

(မိုး/ဇလ)

## ယနေ့ ဖတ်စရာ အညွှန်း

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်း ပိုလ်စွဲမည်ဟု ရူပါကွန်ပျူတာ ခန့်မှန်း



စာမျက်နှာ ၁၆

ကျန်းမာရေးအတွက် ဆေးနည်းများ (ဆောင်းပါး)

စာမျက်နှာ ၁၇

၂၀၂၆ ခုနှစ် ၊ ဇွန် ၄ ရက် ၊ ကြာသပတေးနေ့။
မန္တလေး

## နှစ်နိုင်ငံအကြား ကုန်သွယ်မှုအခန်းကဏ္ဍ ပိုမိုတိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိ

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂ ရက် နံနက်ပိုင်းတွင် နယူးဒေလီမြို့၊ Palam လေတပ်စခန်းမှ မွန်ဘိုင်းမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာသည်။ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် မွန်ဘိုင်းမြို့၊ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ မဟာရာ့ရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူး Shri. Jishnu Dev နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကောလ်ကတ္တားမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဂျဝါဟာလာနေရူးဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ Mr. Gaurav Dayal ias နှင့် ဆိပ်ကမ်းမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဆိပ်ကမ်းအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဆိပ်ကမ်းမှ လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်အပ်ပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆိပ်ကမ်းဆိုင်ရာ သမိုင်းကြောင်းနှင့် အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုနှင့် အသစ်ထပ်မံတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိသည့် Vadhavan ဆိပ်ကမ်းစီမံကိန်း မှတ်တမ်းဗီဒီယိုအားကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့အနေဖြင့် ယခုဆိပ်ကမ်းသို့ လာရောက်လေ့လာခဲ့ခြင်းသည် မိမိတို့နိုင်ငံ၌ ဆိပ်ကမ်းတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပြီး ယခုဆိပ်ကမ်းသည် နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်း သိရှိရသဖြင့် လာရောက်လေ့လာခြင်းဖြစ်ကြောင်း၊ ရှင်းလင်းပြသမှုများအရ ကမ္ဘာ့အဆင့် (၂၃)ရှိပြီး အိန္ဒိယနိုင်ငံတွင် အဆင့်(၁)ရှိသည့် အဆင့်မီဆိပ်ကမ်းကြီးဖြစ်ပြီး PPP စနစ်ကို ကျင့်သုံးနေသည်ကို သိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းနှစ်ခုရှိပြီး သီလဝါဆိပ်ကမ်းသည် အထူးစီးပွားရေးဇုန်နှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် ဆိပ်ကမ်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ နိုင်ငံတော်ပိုင်ဆိပ်ကမ်းများကို အဆင့်မြှင့်တင်နိုင်ရန်အတွက် ယခုဆိပ်ကမ်းသို့ လာရောက်လေ့လာခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်၍ရသည်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှင်းလင်းပြောကြားမှုများအရ ဆိပ်ကမ်း၏ စွမ်းဆောင်ရည်များ မြင့်မားသည်ကိုတွေ့ရပြီး Green Area နှင့် Green Energy များ ဆောင်ရွက်ထားမှုကိုလည်း လေ့လာတွေ့ရှိရကြောင်း၊ မိမိလာရောက်သည့် ခရီးစဉ်သည် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန် လာရောက်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုအခန်းကဏ္ဍပိုမိုတိုးတက်လာစေရေးအတွက် မိမိတို့နိုင်ငံ၏ ဆိပ်ကမ်းများကို အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းပညာနှင့်ပတ်သက်၍ သင်တန်းများ သင်ကြားပေးမည်ဆိုပါက မိမိတို့နိုင်ငံမှ သင်တန်းသားများကို စေလွှတ်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ဂျဝါဟာလာနေရူးဆိပ်ကမ်းသည် အိန္ဒိယနိုင်ငံ၊ မဟာရာ့ရှ်ထရာပြည်နယ်၊ မွန်ဘိုင်းမြို့၏ တောင်ဘက်၊ ယူရန်ဒေသတွင်တည်ရှိသည်။ ဆိပ်ကမ်း၏ ကုန်သွယ်နိုင်မှုမှာ ကမ္ဘာ့အဆင့် (၂၃)တွင်ရှိပြီး အိန္ဒိယနိုင်ငံရှိ အဓိကျသည့် ဆိပ်ကမ်း ၁၂ ခုအနက် အဆင့်(၁)ရှိသည့် အဆင့်မီဆိပ်ကမ်းကြီးတစ်ခုဖြစ်ကာ အိန္ဒိတစ်နိုင်ငံလုံး၏ ကွန်တိန်နာသယ်ပို့မှု ၅၀ ရာခိုင်နှုန်းကို ယခုဆိပ်ကမ်းမှသယ်ယူပို့ဆောင်ခြင်းဖြစ်သည်။ ယခုဆိပ်ကမ်းကြီးသည် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုကို အကောင်အထည်ဖော်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး အရှေ့တောင်အာရှဒေသနှင့် အဓိကဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဇွန်လ(၅)ရက်

MONREC

UN environment programme



WORLD ENVIRONMENT DAY

#NowForClimate

" ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ "
"A Global Call for Climate Action"

## ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း ဧက ၁၈၀၀၀ ကျော် စိုက်ပျိုးမည်

**ကျွန်းလှ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်သည် အစေ့ထုတ်ပြောင်း အဓိကစိုက်ပျိုးသော ဒေသတစ်ခုဖြစ်ပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း စိုက်ပျိုးရန် ဧက ၁၈၀၀၀ ကျော် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံတို့ကို ရာသီအလိုက်စိုက်ပျိုးကြပါတယ်။ ဒီနှစ် မိုးရာသီမှာ အစေ့ထုတ်ပြောင်း စိုက်ပျိုးဖို့ ၁၈၉၃၈ ဧက လျာထားပြီး မေလမှ စတင်ပြီးစိုက်ပျိုးနေကြပါတယ်။ အစေ့ထုတ်ပြောင်း စိုက်ပျိုးခြင်းမှာ တောင်သူတွက်ခြေကိုက်သီးနှံဖြစ်ပြီး ကျွဲ၊ နွား တိရစ္ဆာန်အစာအဖြစ် အသုံးရတဲ့အတွက် တိုးချဲ့စိုက်ပျိုးလာကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ အစေ့ထုတ်ပြောင်း စိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြစိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိန်ကိုက် စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးနည်းပညာများကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် သီးနှံအမျိုးမျိုးကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်ကြရာ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နိုင်ပါက တောင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို**

၀-၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

## စည်ပင်သာယာရဲတပ်ဖွဲ့ (မန္တလေး)မှ တပ်ဖွဲ့ဝင်များအား ပြည်သူများနှင့် ထိတွေ့ဆက်ဆံ တာဝန်ထမ်းဆောင်ရာတွင် ယဉ်ကျေးပျူငှာစွာ ဆက်ဆံရန် တွေ့ဆုံမှာကြား

**မန္တလေး ဇွန် ၃**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ စည်ပင်သာယာရဲတပ်ဖွဲ့ (မန္တလေး)မှ တပ်ဖွဲ့ဝင်များအား ပြည်သူများနှင့် ထိတွေ့ဆက်ဆံ တာဝန်ထမ်းဆောင်ရာတွင် ယဉ်ကျေးပျူငှာစွာဆက်ဆံရန် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ယနေ့ နံနက် ၁၀ နာရီတွင် (၆)ထပ်ဆောင် အစည်းအဝေးခန်းမ၌ တွေ့ဆုံမှာကြားခဲ့သည်။

ရှေးဦးစွာ တွဲဖက်အတွင်းရေးမှူးက စည်ပင်သာယာရဲတပ်ဖွဲ့ (မန္တလေး)၊ ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်နိုင်နှင့် တပ်ဖွဲ့ဝင်များအနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း တာဝန်ထမ်းဆောင်ရာတွင် ပြည်သူများနှင့် ထိတွေ့ဆက်ဆံရာ၌ ခင်မင်လေးစားမှုဖြင့် အလေးပြု၍ နှုတ်ခွန်းဆက်သခြင်း၊ ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံခြင်း၊ မိမိရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းဆောင်ရွက်ရန်၊ ရာထူးအဆင့်အလိုက် အပြန်အလှန် လေးစား၍ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊ ရဲကျင့်ဝတ်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး စံပြတပ်ဖွဲ့ဝင်များဖြစ်အောင် ပြုမူနေထိုင်ဆောင်ရွက်ရန် ဖြည့်စွက်မှာကြားခဲ့ပြီး တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်မှုလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် စည်ပင်သာယာရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်နိုင်က မန္တလေးမြို့တော်အတွင်း လုံခြုံရေးတာဝန်၊ စည်းကမ်းထိန်းသိမ်းရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များအား ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း တာဝန်ထမ်းဆောင်ရန်နှင့် တာဝန်ပေါ့လျော့မှု မရှိစေရေး မှာကြားပြီး ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအား လိုက်နာရန် ပျက်ကွက်ပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်ဖွဲ့ဝင်များအား သတိပေးမှာကြားခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Gateway of India, Mumbai တွင် လှည့်လည်ကြည့်ရှု လေ့လာစဉ်။

❖ မိမိအနေဖြင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးချိန်တွင် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်သာရှိခဲ့သဖြင့် ပထမအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ သုံးဘီလီယံအထိရောက်ရှိအောင် ဆောင်ရွက်ရန်၊ ဒုတိယအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ငါးဘီလီယံအထိရောက်အောင် မျှော်မှန်းဆောင်ရွက်သွားရန် ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်

❖ မိမိတို့အနေဖြင့် အိန္ဒိယနိုင်ငံမှ သွင်းကုန်များ ပိုမိုတင်သွင်းရန်ဆန္ဒရှိပြီး အထူးသဖြင့် သံနှင့် သံမဏိများ၊ ဘိလပ်မြေ၊ ဆေးဝါး၊ စက်သုံးဆီများ၊ ဆိုလာနှင့်ပတ်သက်သည့်ပစ္စည်းများကို တင်သွင်းသွားလို

❖ မိမိတို့နိုင်ငံမှ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ၊ ဆန်နှင့် ရော်ဘာထွက်ပစ္စည်းများ တင်ပို့သွားလို

❊ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတသည် ဆွေးနွေးပွဲကျင်းပမည့် The Taj Mahal Palace ဟိုတယ်သို့ ရောက်ရှိရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးအေးဝင်းနှင့်အဖွဲ့ဝင်များ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် နာယကနှင့် အဖွဲ့ဝင်များ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ် နေရာတစ်ခုဖြစ်သည့်၊ အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းသမိုင်းဝင် အထင်ကရနေရာများစွာ တည်ရှိနေသည့်၊ The Gateway of India အဖြစ် လူသိများသည့် မွမ်ဘိုင်းမြို့ကို လာရောက်ခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ထို့ပြင် ယနေ့အခမ်းအနားတွင် ဌာနဆိုင်ရာကိုယ်စားလှယ်ကြီးများ၊ မြန်မာ - အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင် မိတ်ဖက်များနှင့် တွေ့ဆုံခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်ရကြောင်း။

ကိုလိုနီစနစ်ကို အတူတကွ တွန်းလှန်ခဲ့ကြသည့် သမိုင်းကြောင်းအရ မြန်မာ - အိန္ဒိယ သံတမန်ဆက်ဆံရေးသည် ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှုအရလည်း ရှေးယခင်ကတည်းက ခိုင်မာသည့် ဆက်နွှယ်မှုများ ရှိခဲ့ကြကြောင်း၊ ရှည်လျားသည့် ကုန်းမြေနှင့် ရေကြောင်း နယ်နိမိတ်များ ထိစပ်နေသည့်အပြင် ယခုအချိန်သည် စီးပွားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများမှ တစ်ဆင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန် အကောင်းဆုံး အချိန်လည်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံ၏ အရှေ့ထိတွေ့ဆက်ဆံမှု (Act East Policy)နှင့် အိမ်နီးချင်းဦးစားပေးမူဝါဒ (Neighborhood First Policy) တို့အရ မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ တန်ဖိုးကွင်းဆက်များကို မြှင့်တင်ပေးနိုင်မည့် မဟာဗျူဟာကျသည့် မောင်းနှင်အားတစ်ရပ် ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံရေး အရတည်ငြိမ်မှုအနေဖြင့် မြန်မာနိုင်ငံသည် အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်းများစွာကြာ နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပွားခဲ့ရာမှ ယခုအခါတွင် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်က ကျင်းပပြုလုပ်ပြီးစီးခဲ့သော ရွေးကောက်ပွဲမှတစ်ဆင့် ဒီမိုကရေစီအရ တည်ဆောက်ခဲ့သည့် အစိုးရတစ်ရပ် ပေါ်ပေါက်လာပြီဖြစ်သဖြင့် တည်တည်ငြိမ်ငြိမ်ဖြင့် ဆက်လက်ထိန်းသိမ်းသွားရန် အခြေအနေကောင်းများ မိမိတို့တွင်ရှိလာပြီဖြစ်ကြောင်း၊ ထို့ကြောင့်နိုင်ငံရေးတည်ငြိမ်မှုရှိလာသည့် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက အဆွေတော်တို့အတွက် အခွင့်အလမ်းများစွာ ရှိလာမည်ကို ထပ်လောင်းပြောကြားလိုကြောင်း။

ထို့ကြောင့် မိမိအနေဖြင့် သမ္မတအဖြစ် တာဝန်ယူပြီးချိန်တွင် စီးပွားရေးနှင့် ကုန်သွယ်မှုများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသို့ ပထမဆုံးလာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုသို့ လာရောက်စဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Shri Narendra Modi နှင့် အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu တို့နှင့်လည်း တွေ့ဆုံခဲ့သကဲ့သို့ နယူးဒေလီမြို့တွင်လည်း မြန်မာ-အိန္ဒိယ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲကိုကျင်းပပြီး နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ကာ သဘောတူညီချက်များလည်း ရရှိခဲ့ကြောင်း၊ ယခုကဲ့သို့အခြေအနေများအရ အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် မြန်မာနိုင်ငံနှင့် ယုံကြည်စိတ်ချစွာ ပူးပေါင်းဆောင်ရွက်နိုင်သည်ကို ပြောကြားလိုကြောင်း။

အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ စတုတ္ထမြောက်ကုန်သွယ်မှု အများဆုံး နိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆိုင်ရာ စာချုပ်များ ချုပ်ဆိုထားပြီးဖြစ်သကဲ့သို့ ယခင်ကတည်းက နယ်စပ်ကုန်သွယ်ရေး စခန်းများမှ ကုန်သွယ်မှုများပြုလုပ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည့် ပစ္စည်းများမှာ ပဲမျိုးစုံ၊ သစ်တောထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တုပစ္စည်းများကို အများဆုံး တင်ပို့လျက်ရှိကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် မိမိတို့မြန်မာနိုင်ငံဘက်မှ ထုတ်ပြန်သည့် စာရင်းများအရ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် မိမိတို့နိုင်ငံမှ ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂၆ ဘီလီယံထိရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံမှ ပို့ကုန် အမေရိကန်ဒေါ်လာ သန်း ၆၀၀ မှ ၈၀၀ အကြားတွင် ရှိကြောင်း၊ အများအားဖြင့် အိန္ဒိယနိုင်ငံဘက်မှ ဆေးဝါးပစ္စည်းများ၊ ရေနံထွက်ပစ္စည်း၊ ဓာတုဗေဒပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် ဆက်စပ်ပစ္စည်းများ၊ လယ်ထွန်စက်နှင့် ဆက်စပ်ပစ္စည်းများ တင်ပို့ခဲ့သည်ကို တွေ့ရှိရကြောင်း။

မိမိအနေဖြင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးချိန်တွင် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်သာရှိခဲ့သဖြင့် ပထမအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ သုံးဘီလီယံအထိ ရောက်ရှိအောင် ဆောင်ရွက်ရန်၊ ဒုတိယအဆင့်အနေဖြင့် အမေရိကန်ဒေါ်လာ ငါးဘီလီယံအထိ ရောက်အောင် မျှော်မှန်း ဆောင်ရွက်သွားရန် ဆွေးနွေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ကုန်သွယ်မှုတွင်လည်း နှစ်နိုင်ငံ ကုန်သွယ်မှုတိုးတက်စေရေး ကျပ်နှင့် ရူပီး တိုက်ရိုက်ပေးချေရေး သဘောတူညီထားပြီးဖြစ်ကြောင်း၊ မိမိ အိန္ဒိယနိုင်ငံဗဟိုဘဏ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အိန္ဒိယနိုင်ငံမှ သွင်းကုန်များ ပိုမိုတင်သွင်းရန်ဆန္ဒရှိပြီး အထူးသဖြင့် သံနှင့် သံမဏိများ၊ ဘိလပ်မြေ၊ ဆေးဝါး၊ စက်သုံးဆီများ၊ ဆိုလာနှင့်ပတ်သက်သည့် ပစ္စည်းများကို တင်သွင်းသွားလိုကြောင်း၊ မိမိတို့နိုင်ငံမှ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ ရေထွက်ပစ္စည်းများ၊သစ်တောထွက်ပစ္စည်းများ၊ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများ၊ ဆန်နှင့် ရော်ဘာထွက်ပစ္စည်းများ တင်ပို့သွားလိုကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် အိန္ဒိယနွယ်ဖွားများ များစွာရှိပြီး အပြန်အလှန် ကူးသန်းသွားလာမှုများ၊ ဗုဒ္ဓဂယာသို့ သွားရောက်လည်ပတ်မှုများရှိသဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံအနေဖြင့် ကျန်းမာရေးဆိုင်ရာနှင့်ပတ်သက်သည့် လုပ်ငန်းများ မြင့်မားသကဲ့သို့ ပညာရေးနှင့်ဆိုင်သည့် လုပ်ငန်းရပ်များသည်လည်း မြင့်မားသည်ကိုတွေ့ရှိရသဖြင့် ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံသွားနိုင်ရန် အခွင့်အလမ်းများရှိကြောင်း။

မြန်မာနိုင်ငံတွင် အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၉၄ ဘီလီယံကျော်ရှိပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် နိုင်ငံများတွင် ၁၁ နိုင်ငံမြောက် ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် လာရောက်၍ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍ စသည့်ကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ကြောင်း၊ သွင်းကုန်ပစ္စည်းများနှင့် ပတ်သက်၍ ကုန်သွယ်မှုမြှင့်တင်သကဲ့သို့ မိမိတို့နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ၍ ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း အချို့ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံဈေးကွက်သာမက အိမ်နီးနားချင်းနိုင်ငံများ ဖြစ်ကြသည့် လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား စသည့်နိုင်ငံများသို့ တင်ပို့ ရောင်းချနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် သတင်းအချက်အလက်၊ ဒီဂျစ်တယ်နှင့် အဆင့်မြင့် နည်းပညာအခြေပြုကဏ္ဍတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည့် အိန္ဒိယနိုင်ငံမှ နည်းပညာမြင့်လုပ်ငန်းများကို မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ရန်ဖိတ်ခေါ်လိုကြောင်း၊ ဆေးဝါးကုသမှုနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံသည် ဆေးဝါးထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ဆေးဝါးသွင်းကုန်များကို အိန္ဒိယနိုင်ငံမှ အများဆုံး တင်သွင်းလျက် ရှိကြောင်း၊ ထို့ကြောင့် ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းများကို မြန်မာနိုင်ငံ၌ လာရောက် ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာတွင်လည်း

စာမျက်နှာ ၄ သို့ ❊

※ စာမျက်နှာ ၃ မှ

ကမ္ဘာ့ထိပ်တန်း နိုင်ငံများတွင် ပါဝင်သဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိသည့် မိမိတို့နိုင်ငံတွင်ရင်းနှီးမြှုပ်နှံနိုင်ရန် အခွင့်အရေးများစွာရှိကြောင်း၊ မိမိနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် အသေးစိတ်ထပ်မံ ဆွေးနွေးနိုင်ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့ပြီး နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ခြင်းအားဖြင့် နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာမှုကို အထောက်အကူပြုမည်ဖြစ်သကဲ့သို့ သမိုင်းကြောင်းအရတည်ရှိခဲ့သည့် မိမိတို့နှစ်နိုင်ငံ၏ ရင်းနှီးမှုကိုလည်း ပိုမိုအားပေးရာရောက်မည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံမှုသည် ၇၈ နှစ်တာ ကာလသို့ရောက်ရှိခဲ့ပြီဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် နှစ် ၈၀ ပြည့်မြောက်မည်ဖြစ်ပြီး အဆိုပါနှစ်(၈၀) ပြည့် သံတမန်ဆက်ဆံမှု အထိမ်းအမှတ်ကို အားဖြည့်သည့်အနေဖြင့် နှစ်နိုင်ငံကုန်သွယ်ရေး လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များက အိန္ဒိယနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်သမ္မတအနေဖြင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ ထပ်မံတိုးမြှင့်ဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်မှုအပေါ် ကျေးဇူးတင်ရှိမှု အခြေအနေများ၊ လက်ရှိနိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံခရီးစဉ်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်မည်ဟု ၎င်းတို့အနေဖြင့် ယုံကြည်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား နည်းပညာကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဇီဝစွမ်းအင် (Bio Energy) ထုတ်လုပ်မှု လုပ်ငန်းတွင် ပူးပေါင်း ဆောင်ရွက်ရေးကဏ္ဍ၊ သတ္တုတူးဖော်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အတွက် လိုအပ်သည့် စက်ပစ္စည်းကိရိယာများနှင့် ဓာတ်မြေဩဇာများ ထုတ်လုပ်ရေး ကဏ္ဍတို့နှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက အိန္ဒိယနိုင်ငံမှမြန်မာနိုင်ငံသို့လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကြောင်း၊ ဘိုင်အိုစွမ်းအင်နှင့် (Bio Energy) နှင့် ပတ်သက်၍လည်း လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကြောင်း၊ သတ္တုတူးဖော်ရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံမှထွက်ရှိသည့် သတ္တုများကို ပြည်ပသို့ကုန်ကြမ်းအဖြစ် တင်ပို့ခြင်းထက် ကုန်ချောထုတ်လုပ်၍ တင်ပို့သွားမည်ဆိုပါက ဆောင်ရွက်၍ရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍကို အဓိကထား ဆောင်ရွက်နေသည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးကဏ္ဍကို အမှန်တကယ်အကျိုးရှိစွာ ဆောင်ရွက်နိုင်မည့် လုပ်ငန်းရပ်များရှိပါက ဖိတ်ခေါ်ကြောင်းနှင့်အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတက တက်ရောက်လာကြသည့် အိန္ဒိယနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် Gateway of India, Mumbai သို့သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Gateway of India, Mumbai အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များအား ပြန်လည် မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါ Gateway of India, Mumbai သည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ မွမ်ဘိုင်း ပင်လယ်ကမ်းစပ်တွင်တည်ရှိသည့် ကမ္ဘာကျော်သမိုင်းဝင်အထိမ်းအမှတ်အဆောက်အအုံကြီး တစ်ခုဖြစ်ကြောင်း၊ ဗြိတိသျှဘုရင် King George V နှင့် မိဖုရား Queen Mary တို့သည် ၁၉၁၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်စဉ် ၎င်းတို့ခြေချဆိုက်ရောက်ခဲ့သည့် နေရာကို အထိမ်းအမှတ်ပြုလုပ်ရန်အတွက် အဆိုပါမုခ်ဦးကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၁၅ ခုနှစ်တွင် အုတ်မြစ်ချခဲ့ပြီး ၁၉၂၄ ခုနှစ်တွင် တည်ဆောက်မှုပြီးစီးခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နောက်ဆုံး ကျန်ရှိနေသည့် ဗြိတိသျှတပ်ရင်းများသည် ယခုမုခ်ဦးကြီးအောက်မှ ဖြတ်သန်းကာ သင်္ဘောများဖြင့် အိန္ဒိယနိုင်ငံမှ ထွက်ခွာခဲ့ကြခြင်း ဖြစ်သဖြင့် ဗြိတိသျှတို့၏ အုပ်စိုးမှုနိဂုံးချုပ်ခြင်းကို ပြသသည့် ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း၊ အဆောက်အအုံ၏ ဗိသုကာလက်ရာသည် ၁၆ ရာစုဂူဂျာရက်စတိုင် အစ္စလာမ်နှင့် ဟိန္ဒူရိုးရာဗိသုကာလက်ရာများကို ရောနှောပေါင်းစပ်ထားသည့် Indo-Saracenic စတိုင်ဖြစ်ပြီး အဝါရောင်သဲကျောက်(Yellow basalt) များဖြင့် တည်ဆောက်ထားခြင်းဖြစ်ကာ အလယ်မုခ်ဦးခုံးကြီး၏ အမြင့်မှာ ၈၅ ပေခန့်ရှိကြောင်း၊ Gateway of India, Mumbai သည် မွမ်ဘိုင်းမြို့၏ အထင်ကရပြယုဂ်(The Taj Mahal of Mumbai)ဟု တင်စားခေါ်ဆိုကြပြီး ကမ္ဘာလှည့်ခရီးသွားများ စိတ်ပါဝင်စားစွာ လာရောက်လည်ပတ်ကြသည့် နေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။

**ကြည့်ရှုလေ့လာ**

ဆက်လက်၍ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ လေဆိပ်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လေဆိပ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။

---

❍ အစိုးရပါဠိပထမပြန်မှ

၁၃၈၇ ခုနှစ်(၂၀၂၆ ခုနှစ်)၊ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ပုဂ္ဂိုလ်များအနက် အတန်းအသီးသီး၌ ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

ပထမကြီးတန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (ပထမကျော်) | စက-၃ | အရှင်ကုန္တာစရိယာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၁၉ | အရှင်ကဝိတေဇာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စက-၁၁ | အရှင်ဝီရာနန္ဒာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက-၂၃၄ | မဇဝနညာဏီလင်္ကာရ | သကျဓိတာစာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

ပထမလတ်တန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | စိန်-၁ | အရှင်အာလောကာလင်္ကာရ | ရွာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၄၂ | အရှင်ကောဝိဒါလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စက-၂၀ | အရှင်သကျဝံသာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | ပသက-၁၀၈ | မနန္ဒစာရီ | ချမ်းမြရုံသီစာသင်တိုက် ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

ပထမငယ်တန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မုံ-၂၃၅ | ရှင်ဇိနောရသ | သာသနာ့ရောင်ခြည်ကျောင်း မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | ညတ-၂၁ | ရှင်ပညာစက္က | တောင်ညိုကျောင်းတိုက် ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃။ | တတိယ | စိန်-၁ | အရှင်အဂ္ဂဝံသာလင်္ကာရ | ရွာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | ပသက-၁၅၃ | မပုညစာရီ | ချမ်းမြရုံသီစာသင်တိုက် ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

အခြေပြုမူလတန်း

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မဟာမ-၂၂ | ရှင်အရိန္ဒမ | မစိုးရိမ်တိုက်သစ် မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စိန်-၃၄ | ရှင်ဝါသဝ | ရွာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | တတိယ | တွင်း-၇၀ | ရှင်ဂုဏဝံသ | ရေပြည့်တောရကျောင်း တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | လဝ-၁၅၀ | မဂ္ဂမ္ဘိရညာဏီ | တောင်သုံးလုံးကျောင်း လယ်ဝေးမြို့နယ်၊ နေပြည်တော် |

၁၃၈၇ ခုနှစ် (၂၀၂၆ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးဝန်ကြီးဌာန Website နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

သတင်းစဉ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆို ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

# အိန္ဒိယသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် မွမ်ဘိုင်းမြို့ Chhatrapati Shivaji Magaraj အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ မဟာရာရှ်ထရာပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီး H.E. Sawant နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဦး၊ ကော်လ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့် အတူ ခရီးစဉ်တွင်လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကာ်ဇော်၊ ဦးမင်းနောင်၊ ဒေါက်တာ ချာလီသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အိန္ဒိယအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံနိုင်ခဲ့ကာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရှိစေနိုင်မည့် ဆွေးနွေးချက်များကို ဆွေးနွေးနိုင်ခဲ့သည်။ ထို့အပြင် သမိုင်းဝင် အထင်ကရနေရာများနှင့် စက်မှုဆိပ်ကမ်းနှင့် စွမ်းအင်ဆိုင်ရာ စီမံကိန်းနေရာများကို သွားရောက်လေ့လာခဲ့ပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့်လူမှုရေး၊ ခရီးသွားဆိုင်ရာကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ အနေဖြင့် နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံနှင့်မြန်မာနိုင်ငံတို့ အကြား စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြားမှု မြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားကဏ္ဍများ တိုးမြှင့်ရေးဆိုင်ရာ ကိစ္စများတွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့် အတွက် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူ သားငယ် သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ အိန္ဒိယရိုးရာအကအလှအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များ၊ အနုပညာရှင်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လေဆိပ်တွင် စာမျက်နှာ ၆ သို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား မဟာရာရှ်ထရာပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး H.E. Sawant နှင့် တာဝန်ရှိသူများက မွမ်ဘိုင်းမြို့ Chhatrapati Shivaji Magaraj အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

> နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အိန္ဒိယ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲ များနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ကိုလည်း လက်ခံတွေ့ဆုံနိုင်ခဲ့ကာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးရှိစေနိုင်မည့် ဆွေးနွေး ချက်များကို ဆွေးနွေးနိုင်ခဲ့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒေသခံပြည်သူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် အိန္ဒိယသမ္မတနိုင်ငံအလံတို့ကို ကိုင်ဆောင်ဝှေ့ယမ်းကာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

❒ စာမျက်နှာ ၅ မှ

အသင့်စောင့်ကြို၍ လေဆိပ်လေယာဉ်အဆင်းမှ VIP ဆောင် အထိလည်းကောင်း၊ တပ်မတော်လေဆိပ်အဝင် လမ်းတစ်လျှောက်တွင်လည်းကောင်း **"အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်ပါစေ။ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍအလိုက် တိုးမြှင့် ဆောင်ရွက်နိုင်ပါစေ။ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်အောင်ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်အား လှိုက်လှဲစွာ ကြိုဆိုပါသည်။ အိန္ဒိယ-မြန်မာ ချစ်ကြည်စွာ တွဲလက်မြဲပါစေ။ အိန္ဒိယ-မြန်မာ ပူးပေါင်းအားမှုချအောင်မြင်ပါစေ။ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်အား လှိုက်လှဲစွာ ကြိုဆိုပါ၏။ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးကို ခိုင်မြဲစေသော နိုင်ငံတော်သမ္မတကြီးနှင့် အဖွဲ့ဝင်များအား လှိုက်လှဲစွာ ကြိုဆိုပါ၏"** ဟူသော စာတန်းများပါရှိသည့် ဗီနိုင်းများ ကိုင်ဆောင်၍လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ၊ အိန္ဒိယ သမ္မတနိုင်ငံအလံတို့ကိုကိုင်ဆောင်ဝေ့ယမ်းကာ **"အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ပါစေ။ အမျိုးဘာသာ သာသနာအတွက် ကြိုးပမ်း ဆောင်ရွက်နေသည့် နိုင်ငံတော် သမ္မတကြီး ဦးမင်းအောင်လှိုင် ကျန်းမာပါစေ၊ ကျန်းမာပါစေ။ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး ခိုင်မြဲပါစေ၊ ခိုင်မြဲပါစေ။ အိန္ဒိယ-မြန်မာချစ်ကြည်ရေး အစွန့်ရှည်ပါစေ"** ဟု ကြွေးကြော်လျက်လည်းကောင်း၊ လေဆိပ်မှ နေပြည်တော်သို့ ဝင်ရောက်ရာ လမ်းတစ်လျှောက် အဓိကနေရာများရှိ LED Board များ၌ နိုင်ငံတော်သမ္မတ၏ အိန္ဒိယ ခရီးစဉ် လှုပ်ရှားမှုပုံရိပ်များဖြင့် **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါသည်"** ဟု ရေးသားဖော်ပြ၍လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု နှုတ်ဆက်ကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။

နိုင်ငံတော်သမ္မတ သည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိစဉ် မီဒီယာများ၏ မေးမြန်းမှုများကို ယခုကဲ့သို့ ပြန်လည်ဖြေကြားခဲ့ပါသည်-

မြန်မာနဲ့အိန္ဒိယ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီးတော့ ကျွန်တော်သွားခဲ့တာ ဖြစ်ပါတယ်။ သွားတဲ့အခါမှာလည်း အိန္ဒိယခေါင်းဆောင်တွေဖြစ်တဲ့ သမ္မတကြီး၊ ဝန်ကြီးချုပ် မစ္စတာမိုဒီတို့နဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးနဲ့လည်း သီးခြားတွေ့ခဲ့တာတွေ ရှိတယ်။

နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ နောက်တစ်ခုက ရင်းနှီးမြှုပ်နှံမှု တိုးချဲ့ဆောင်ရွက်နိုင်ဖို့အတွက်၊ နယ်ပယ်အသီးသီးမှာ ဆောင်ရွက်နိုင်ဖို့အတွက် ဆွေးနွေးနိုင်ခဲ့ပါတယ်။ နှစ်ဦးနှစ်ဖက် သဘောတူညီချက်၊ နှစ်ဖက် ပူးတွဲကြေညာချက်လည်း ထုတ်ခဲ့တာ ရှိပါတယ်။ အဓိကတော့ ကျွန်တော်တို့ဘက်က အလုပ်ကို ပိုပြီးတော့မှ လုပ်ရမယ်၊ ကုန်ထုတ်လုပ်မှုတွေ လုပ်ကြဖို့ပါ။ ဒါမှ ကျွန်တော်တို့ ကုန်သွယ်မှုကို သွားနိုင်မယ်။ တစ်ဖက်က ကျန်တဲ့လိုအပ်ချက်တွေလည်း ပြည်သူလူထုအပိုင်းက ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ဖို့ ရှိပါတယ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့အား အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူ သားငယ် သမီးငယ်လေးများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

ကျွန်တော်တို့ ဒီလိုလုပ်နိုင်ဖို့ တည်ငြိမ်အေးချမ်းဖို့ အရေးကြီးပါတယ်။ တည်ငြိမ်အေးချမ်းမှလည်း လုပ်လို့ရမှာ ဖြစ်တယ်။ ဒါကြောင့် ပထမဦးဆုံးသွားတဲ့ အိန္ဒိယအပိုင်းနဲ့ ပတ်သက်ရင် အိန္ဒိယနယ်စပ်မှာရှိတဲ့ သက်ဆိုင်သူများအနေနဲ့ တိုင်းပြည်ကောင်းစေချင်တယ်ဆိုရင် တိုင်းပြည်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ ငြိမ်းချမ်းတဲ့နည်းနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ ကြိုးစားဖို့ လိုပါတယ်။ သူတို့ရဲ့ သဘောထားတွေ ပြန်လည်သုံးသပ်ပြီးတော့မှ ကျွန်တော်တို့ တိုင်းပြည်ကို ကောင်းအောင် ဆောင်ရွက်သွားဖို့ လိုပါလိမ့်မယ်။

ဒီလိုပဲ တခြားနယ်မြေတွေမှာ ရှိနေတဲ့၊ အကြောင်းအမျိုးမျိုးကြောင့် တည်ငြိမ်မှုထိခိုက်နေတဲ့ နယ်မြေတွေမှာရှိတဲ့ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အနေနဲ့လည်း တိုင်းပြည်အတွက် ပြန်လည်သုံးသပ်ပြီးတော့မှ တိုင်းပြည်ကောင်းအောင် လုပ်ဖို့အတွက် ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့၊ နိုင်ငံရေးစကားပြောရင် ဒီမိုကရေစီနည်းလမ်းတကျ ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုရင် တိုင်းပြည်က ဘာမှမကြာပါဘူး၊ တိုးတက်မှာ သေချာပါတယ်။

နောက်တစ်ခုက အခုပြီးခဲ့တဲ့ တနင်္လာနေ့ကစပြီး ကျောင်းတွေဖွင့်ပါတယ်။ ကျောင်းတွေဖွင့်တဲ့အခါမှာ ကျောင်းနေအရွယ်တွေအားလုံး ကျောင်းနေပြီးတော့ ပညာရေးမြှင့်တင်မှုနဲ့အတူ အချိန်အတိုင်းအတာတစ်ခု ပေးပြီး ကြိုးစားသွားမယ် ဆိုရင် ကျွန်တော်တို့ မျှော်မှန်းတဲ့ လူမှုပန်းတိုင်တွေကို ကောင်းကောင်းမွန်မွန် ရောက်မယ်လို့ မျှော်မှန်းပါတယ်။ ပြည်သူလူထုအနေနဲ့ ကြိုးစားပေးကြဖို့၊ အလုပ်လုပ်ပေးကြဖို့၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြဖို့ပဲ ကျွန်တော် ပြောချင်ပါတယ်။

ခရီးစဉ်က အောင်မြင်ပါတယ်။ အောင်မြင်တာလည်း သေချာပါတယ်။ မှတ်ချက်ကတော့ မျိုးစုံပေးကြမှာပါ။ အဲဒီမှတ်ချက်တွေမှာ ကောင်းတဲ့မှတ်ချက်တွေ အများကြီး ရှိပါတယ်။ ကျွန်တော်တို့ သွားရတာလည်း ပင်ပန်းရကျိုးလည်း နပ်ပါတယ်။

ဗုဒ္ဓဂယာမှာ တိုင်းပြည် အေးချမ်းပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေ။ ပြည်သူတွေ ကိုယ်စိတ်နှလုံး ချမ်းမြေ့စွာနဲ့ လုပ်ကိုင်စားသောက်နိုင်ကြပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

## ကြိုဆိုဂုဏ်ပြု နှုတ်ဆက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့အား ဒေသခံ ပြည်သူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် အိန္ဒိယ သမ္မတနိုင်ငံ အလံတို့ကို ကိုင်ဆောင် ဝေ့ယမ်းကာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ကြစဉ်။



# ပြည်ထောင်စုလွှတ်တော်နာယကက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီများအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စုလွှတ်တော်နာယကက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပူးပေါင်းကော်မတီနှစ်ရပ်သည် ပြည်ထောင်စုလွှတ်တော်၏ အဓိက လုပ်ငန်းတာဝန်ဖြစ်သော ဥပဒေပြဋ္ဌာန်းရေးလုပ်ငန်းကို အထောက်အကူပြုပေးနေသည့် အဓိကကော်မတီများလည်းဖြစ်ပါကြောင်း၊ ယခုလို ပူးပေါင်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုသည် လွှတ်တော်အစည်းအဝေးများတွင် ဥပဒေကြမ်းတစ်ခုချင်း၏ အကြောင်းအရာများ၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သက်ရောက်မှုများကို အသေးစိတ်လေ့လာဆွေးနွေးရန် အချိန်လုံလောက်ခြင်းမရှိသည့်အတွက် လွှတ်တော်အတွင်း ကော်မတီများဖွဲ့စည်းပြီး ဥပဒေများကို အသေးစိတ် လေ့လာစိစစ်ကာ အကြံပြုချက်များ ဖော်ထုတ်ခြင်း၊ ဥပဒေကြမ်းပါအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဆွေးနွေးဆုံးဖြတ်ခြင်းများ စသည်တို့ကို အချိန်ယူဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် **ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများကို လွှတ်တော်အတွင်းမှ (Sub-Parliament) လွှတ်တော်ငယ်များ**ဟု နိုင်ငံတကာက တင်စားခေါ်ဝေါ်ကြသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင်များအနေဖြင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၇၊ ၁၂၈၊ ၁၂၉ နှင့်အညီ ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များပါ ဥပဒေကြမ်းတစ်ရပ်ရပ်နှင့်စပ်လျဉ်းပြီး ကော်မတီက ပြင်ဆင်ရန်အကြံပြုချက်များ ပေးပို့ရာတွင် ဥပဒေကြမ်းတွင်ပါရှိသည့် ကိစ္စနှင့်စပ်လျဉ်းသော အကျုံးဝင်သည့်အကြံပြုချက်များ ဖြစ်ရမည်ဖြစ်ပါကြောင်း။

ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိပါကြောင်း၊ ထူးခြားမှုအနေဖြင့် ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကို သော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရေးနှင့် ယင်းအစည်းအဝေးမှတ်တမ်းများကိုလည်း ဖြန့်ဝေခြင်းများ မပြုရပါကြောင်း။

ဥပဒေကြမ်း ပူးပေါင်းကော်မတီအနေဖြင့် လွှတ်တော်နှစ်ရပ်သဘောတူညီသော ဥပဒေကြမ်းများမှလွဲပြီး အခြားဥပဒေကြမ်းများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်တွင် စတင်ဆွေးနွေးသည့် ဥပဒေကြမ်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲထားသည့် ဥပဒေကြမ်း၊ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်နှင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းစသည့် ဥပဒေကြမ်းများအားလုံးကို မိမိတို့ကော်မတီမှ စိစစ်သုံးသပ်ပြီး သဘောထားမှတ်ချက်တင်ပြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အတွင်းဆွေးနွေးခြင်းမှ အစပြုပြီး ဥပဒေအဖြစ်ထုတ်ပြန်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံ ပေးပို့နိုင်သည်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀(ခ)အရ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည့် နှစ်စဉ် နိုင်ငံတော်၏အမျိုးသားစီမံကိန်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို အသေးစိတ်လေ့လာစိစစ်ခြင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၁ အရ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ ရငွေသုံးငွေများနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာအပေါ် စိစစ်ခြင်း၊ ထိုကဲ့သို့ စိစစ်ရာတွင် လွှတ်တော်သို့တင်ပြထားသည့် လျာထားရငွေများ ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ/မရှိ၊ သုံးစွဲခွင့်ပြုထားသောငွေများကို သတ်မှတ်ထားသောကိစ္စအတွက် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်း ရှိ/မရှိ၊ ထိရောက်စွာ အသုံးပြု/မပြု၊ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ/မရှိ စိစစ်ခြင်းနှင့် လုပ်ငန်းဌာနသို့ သွားရောက်စစ်ဆေးရန် လိုအပ်ပါက နာယက၏ခွင့်ပြုချက်နှင့် ဆောင်ရွက်နိုင်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်မှုနှင့် ပတ်သက်ပြီး စိစစ်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အမျိုးသားစီမံကိန်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာနှင့် အခွန်အကောက်ဆိုင်ရာ (၆ လပတ်၊ နှစ်ပတ်လည်) အစီရင်ခံစာများ၊ ချေးငွေဆိုင်ရာ အစီရင်ခံစာများကို အသေးစိတ်လေ့လာစိစစ်ဆောင်ရွက်သည့် လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခုလို အသေးစိတ်လေ့လာစိစစ်ပြီးမှ လွှတ်တော်သို့ အစီရင်ခံစာပြုစုပြီး လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန် အခြေခံကျကျတင်ပြပေးနိုင်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်၏ ငွေကြေး၊ ဘတ်ဂျက်ဆိုင်ရာများကို အလေအလွင့်မရှိအောင် ဥပဒေများပြဋ္ဌာန်းပြီး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပူးပေါင်းကော်မတီဝင်များအနေဖြင့် မိမိတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိတိကျကျ နားလည်ရန်နှင့် လုပ်ပိုင်ခွင့်ထက်ကျော်လွန်ဆောင်ရွက်ခြင်းမျိုး မပြုလုပ်မိရန်လည်း သတိပြုရန်လိုအပ်ပါကြောင်း။

ပူးပေါင်းကော်မတီများအနေဖြင့် အထူးသတိပြုရမည်မှာ ဥပဒေကြမ်းများ၊ အစီရင်ခံစာများအပေါ် စိစစ်တင်ပြသည့်နေရာတွင် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ဆွေးနွေး မေးမြန်းခြင်းသည် လွှတ်တော်၏ Over Sight လုပ်ငန်းဖြစ်ပြီး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် အချက်အလက်ရှာဖွေစုဆောင်းခြင်းသာ ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများကို အမှုစစ်သကဲ့သို့ စစ်ဆေးမေးမြန်းသည့် ပုံစံမျိုးမဖြစ်စေရန် ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုလို အရေးကြီးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ကြရမည့် ကော်မတီဝင်များအနေဖြင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အခြားဆက်စပ်ဥပဒေများ အားလုံးကို စေ့စေ့စပ်စပ် သေသေချာချာ လေ့လာပိုင်နိုင်ကြစေရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပူးပေါင်းကော်မတီနှစ်ရပ်၏ ဥက္ကဋ္ဌ၊ ဒုတိယနာယကက Jeng Phang နော်တောင်က မိမိတို့ ပူးပေါင်းကော်မတီများသည် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းများကို အတည်ပြုပေးနိုင်ရေး၊ အမျိုးသားစီမံကိန်း၊ ဘတ်ဂျက်၊ အခွန်အကောက်ဆိုင်ရာများကို စိစစ်အတည်ပြုနိုင်ရေးအတွက် အကောင်းဆုံး အထောက်အပံ့ပေးရသည့် ကော်မတီများဖြစ်ပါကြောင်း၊ ပူးပေါင်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ပြည့်ပြည့်စုံစုံရေးဆွဲဖော်ပြထားပြီးဖြစ်သည့်အတွက် ကော်မတီဝင်များအနေဖြင့် သေချာပိုင်နိုင်စွာ လေ့လာထားရှိရန် အကြံပြုပြောကြားလိုပါကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် ငါးနှစ်တာကာလအတွင်း လုပ်ငန်းများကို ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် အမြဲတမ်းအတွင်းဝန်ကတတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီများမှ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

သတင်းစဉ်



ပြည်ထောင်စုလွှတ်တော်နာယကက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ပွဲကျင်းပ

**မန္တလေး ဇွန် ၃**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး ဝန်ထမ်းများ၏ သား၊သမီးများအား ပညာသင်ထောက်ပံ့စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲက မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး သဘင်ဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး၌ တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများ၏ သား၊သမီး ၁၅ ဦးအား မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များက ပညာသင်ထောက်ပံ့စရိတ်နှင့် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ခဲဖျက်၊ ကျောပိုးအိတ်၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာ ခြောက်မျိုး စုစုပေါင်း တန်ဖိုးငွေကျပ် ၄၅၇၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ခရီးစဉ်တွင် ပေးအပ်ခဲ့သည့် MRTV DTH စလောင်း ကိုးခုကို ဝန်ထမ်းများအား ကံစမ်းမဲဖွင့်ဖောက်ပေးအပ်ကာ လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-ဧ)**



# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

## တောင်သမန်အင်းရေပြင် ဗေဒါကင်းစင်ပြီး သန့်ရှင်းနေစေရေး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမည်



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။

နေပြည်တော် ဇွန် ၃

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဆက်လက်၍ အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိ ဗွက်ကြီးချောင်းတံတားထိပ်နှင့် ကြေးနီချောင်းတံတားထိပ်တွင် တံတားအသုံးပြုခွင့်ဂိတ်နှင့် လမ်းအသုံးပြုခွင့် ကောက်ခံဂိတ်တို့ ပေါင်းစပ်ဖွင့်လှစ်ထားသည်ကို တွေ့ရှိရသဖြင့် အောင်လံမြို့သူ မြို့သားများသည် မိမိတို့နေထိုင်ရာ မြို့နယ်အတွင်း သွားလာနေမှုတွင် ဂိတ်နှစ်ဂိတ်တို့၏ အသုံးပြုခွင့်ကောက်ခံခြင်းကို ပေးဆောင်နေကြရကြောင်း စိစစ်တွေ့ရှိရပြီး ဗွက်ကြီးတံတားဂိတ် တစ်ခုတည်းသာထားရှိ ဆောင်ရွက်သင့်ကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါသဖြင့် အောင်လံမြို့ရှိ ကြေးနီချောင်းဂိတ်ကို အောင်လံမြို့နယ် နယ်နိမိတ်ပြင်ပ သင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးနိုင်ပါရန်နှင့် ပြောင်းရွှေ့ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ပြောင်းရွှေ့ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးခင်မောင်လတ်က အောင်လံ (အထွက်)ဂိတ် (ကြေးနီချောင်း)ကို ဖြတ်သန်းသွားလာသောဂိတ်အနီးရှိကျေးရွာများမှ မော်တော်ယာဉ်များအား လမ်းနှင့် တံတားအသုံးပြုခြင်းအတွက် အခမဲ့ခွင့်ပြုထားပါကြောင်း။

အောင်လံမြို့တွင်းမှ ယာဉ်များ အောင်လံ(အထွက်) (ကြေးနီချောင်း)ဂိတ်သို့ ဖြတ်သန်းသွားပါက အသွားတစ်ကြိမ်သာကောက်ခံပြီး တစ်နာရီအတွင်း ပြန်ဝင်လာပါက ထပ်မံကောက်ခံခြင်းမရှိဘဲ ဖြေလျှော့ပေးထားကာ အောင်လံ (အဝင်) ဗွတ်ကြီးဂိတ်နှင့် အောင်လံ (အထွက်) (ကြေးနီချောင်း)ဂိတ် သတ်မှတ်မိုင်တိုင် အတွင်းရှိ အောင်လံမြို့နှင့် ကျေးရွာများမှ မော်တော်ယာဉ်များ ကိုလည်း အခမဲ့ခွင့်ပြုထားပါကြောင်း။

Max Highway Co.,ltd. (BOT) အနေဖြင့် အောင်လံခရိုင် အောင်လံ-ကိုးပင်လမ်းပိုင်း (မိုင်တိုင် ၆၁ မိုင် ၇ ဖာလုံ)အတွင်း လမ်းအဆင့်မြှင့်တင်ခြင်းနှင့် လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက အရေးပေါ်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အောင်လံ(အထွက်) (ကြေးနီချောင်း)ဂိတ်အား အောင်လံမြို့နယ် နယ်နိမိတ်အဆုံး မိုင်တိုင် (၂၃၁/၅) အပြင်ဘက်သို့ ပြောင်းရွှေ့မည်ဆိုပါက လမ်းအသုံးပြုခကောက်ခံရရှိမှုများ လျော့နည်းသွားမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ငွေများလျော့နည်းနိုင်ခြင်း၊ တန်ပိုထိန်းသိမ်းနိုင်မှု လျော့ကျနိုင်ခြင်း တို့ကြောင့် လမ်း/တံတားများ ပိုမိုပျက်စီးလာနိုင်သည့်အတွက် အောင်လံမြို့နယ် နယ်နိမိတ်ပြင်ပသို့ဂိတ်များ ပြောင်းရွှေ့ရန် သင့်လျော်မှုမရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင်ကျေးရွာသို့ ရေတို၊ ရေရှည်အစီအမံများချမှတ်၍ ကျောက်ချောလမ်းဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ အဖွဲ့ဝင် ဦးခင်မောင်လတ်က တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင်အုပ်စု ချင်းစုကြာပင်အင်းကျေးရွာချင်းဆက် လမ်းသည် လက်ရှိ လေးမိုင်အရှည်ရှိပြီး ကျောက်ချောလမ်း အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက လမ်းအကျယ် အနည်းဆုံး ၂၄ ပေရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုပါကျေးရွာများ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျေးရွာလေးရွာ၊ အိမ်ခြေ ၇၅၄ အိမ်၊ လူဦးရေ ၂၈၄၂ ဦး အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ တပ်ကုန်းမြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမှ သစ်စိမ့်ပင်ကျေးရွာလမ်းပိုင်း ကျောက်ချောလမ်း ဖြစ်မြောက်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစ၍ ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်းအား နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ အပိုင်းလိုက်လျာထား တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းအတွင်း ပွားများနေသော ဗေဒါပင်များကို ပိုမိုရှင်းလင်းနိုင်စေရေး၊ ထပ်မံမရောက်စေရေး၊ မပွားများစေရေးနှင့် သန့်ရှင်းသာယာသော အင်းရေပြင် ဖြစ်ရေးတို့အတွက် မည်သို့ဆောင်ရွက်ပေးသွားမည်၊ နွေရာသီနှင့် ဆောင်းရာသီတို့တွင် စိုက်ပျိုးမြေများ ယခုထက် ပေါ်ထွန်း လာစေရေးအတွက် ရေဝပ်ဧရိယာ နည်းပါးအောင် မည်သို့ လုပ်ဆောင်သွားမည်၊ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့ ရာသီအလိုက် သဘာဝအလှတရားများဖြင့် လိုက်ဖက်ညီစွာ ပြန်လည်ဖြစ်ပေါ်လာစေရေး မည်သို့ စီမံဆောင်ရွက်သွားမည်တို့ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တောင်သမန်အင်းအတွင်းသို့ ရေဝင်သည့်နေရာတွင် ဗေဒါစစ်ဆန်ခါများထားရှိ၍ ဗေဒါထပ်မံမရောက်ရှိစေရေး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့ ရာသီအလိုက် သဘာဝအလှတရားများဖြင့် လိုက်ဖက်ညီစွာ ပြန်လည်ပေါ်ထွန်း လာစေရေးအတွက် တောင်သမန်အင်း ပတ်လမ်းများနှင့် ဦးပိန်တံတားပတ်ဝန်းကျင်အား မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ နေ့စဉ် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်း၌ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူကြီးကြပ်ပြီး အင်းအတွင်း ငါးမွေးမြူရေးလုပ်ငန်းအား ငါးလုပ်ငန်းရှင်များထံသို့ လေလံပေးပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အတွက် အင်းအတွင်း ဗေဒါဆယ်ယူခြင်းလုပ်ငန်းကို ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလေလံလုပ်ငန်းရှင်တို့မှ "အင်းရေပြင် ဗေဒါကင်းစင်ပြီး သန့်ရှင်း နေစေရေးအတွက်" အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဗေဒါဆယ်ယူခြင်းလုပ်ငန်းကို မြို့တော်စည်ပင်မှ Back Hoe အကူအညီဖြင့် တောင်သမန်အင်းဆွဲဝယ်ယူရရှိသူမှ စက်သုံးဆီနှင့် လူအင်အားကူညီ၍ ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဆီရရှိရေး အခက်အခဲဖြစ်ပေါ်လျက်ရှိသောကြောင့် ယာယီ ရပ်နားထားကြောင်း၊ တောင်သမန်အင်း ဂရန်ကိုင်မှ ဗေဒါဖြတ်ဖောင်ငယ်ဖြင့် တစ်ပိုင်တစ်နိုင် ဆက်လက်လုပ်ဆောင်လျက်ရှိပါကြောင်း၊ စိုက်ပျိုးမြေများကို ယခုထက် ပေါ်ထွန်းရေးအတွက် ရေထွက်လမ်းတစ်လျှောက် ဗေဒါများ ရှင်းလင်းခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေး မဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ ကလေးမြို့မြောက်ပိုင်း ကျေးရွာအများစုမှာလည်း ဓာတ်အားလိုင်းများ သွယ်တန်းပြီး လျှပ်စစ်မီးများရရှိနေပြီးဖြစ်သော်လည်း ယခုအခါ ရေအားလျှပ်စစ် စက်ပစ္စည်း (Berrim)များ ပျက်စီးနေခြင်း၊ ရေလှောင်တမံထဲတွင် နုန်းများရှိနေခြင်းကြောင့် အသုံးမပြုနိုင်သည်မှာ နှစ်အတော်ကြာခဲ့ပြီးဖြစ်ပါသဖြင့် ယခင်စီမံကိန်းရှိသည့်အတိုင်း ကလေးမြို့ပေါ် ရပ်ကွက်များနှင့် ကျေးလက်ဒေသများ မီးလင်းနိုင်ရေး၊ သီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရေး၊ ရာဇဂြိုဟ် ဘက်စုံရေလှောင်တမံအား ပြန်လည်ပြုပြင်မွမ်းမံပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးရှိ ရာဇဂြိုဟ်ရေလှောင်တမံအတွင်း နှစ်စဉ်ဝင်ရောက်ခဲ့သော သဲနုန်းများအား ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ စုစုပေါင်း သဲနုန်းကျင်း သုံးသိန်းကျော်ကို နုန်းစုပ်ထုတ်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်ခြင်း မရှိဘဲ ၂၀၂၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လများတွင် တမံရေယူအဆောက်အအုံရှေ့၌ နုန်းနှင့် အမှိုက်များ ပိတ်ဆို့မှုများကို ဖယ်ရှားဆောင်ရွက်၍ စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း နုန်းနှင့်အမှိုက်များ ဝင်ရောက်မှုများပြားလာခြင်းကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ရပ်နားခဲ့ရပြီး ရေပိုလွှဲမှ ကျော်ကျခဲ့သောရေအား တူးမြောင်းမကြီးအတွင်းသို့ ရေလွှဲသွင်း၍ မိုးစပါးအောင်ရေ ပေးဝေခဲ့ပါကြောင်း။

အကျိုးပြု စိုက်ပျိုးမြေဧရိယာ ပြည့်မီစွာ ရေပေးဝေနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား ပုံမှန်ထုတ်လုပ်နိုင်ရေးအတွက် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စူးစမ်းလေ့လာမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရာဇဂြိုဟ်ရေလှောင်တမံအတွင်း သဲနုန်းဖယ်ရှားရေးသည် လုပ်ငန်းပမာဏကြီးမားလွန်းခြင်းနှင့် ကုန်ကျစရိတ် များပြားနိုင်ခြင်းတို့ကြောင့် အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း၏ တောင်သူလယ်သမားများဘဝအတွက် လိုအပ်သည့် လုံလောက်သည့်ချေးငွေများ၊ စက်မှုကို အထောက်အကူ ဖြစ်စေသည့် လယ်ယာထွန်စက်များ၊ သီးနှံသိုလှောင်မှုနေရာ၊ နည်းပညာများနှင့် ဈေးကွက်များ ဖန်တီးပေးရေးတို့ကို နိုင်ငံတော်အစိုးရမှ ကူညီဆောက်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်အစီအစဉ်မရှိပါက ဦးစားပေးအနေဖြင့် စီစဉ်ဆောင်ရွက်ပေးရန်တို့အား သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သည့် စိုက်ပျိုးနည်း ပညာများကို စိုက်ပျိုးရေးဦးစီးဌာန မြေဆီလွှာ၊ မျိုးစေ့နှင့် ပိုးမွှားရောဂါဆိုင်ရာကျွမ်းကျင် ဝန်ထမ်းများက နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စက်မှုလယ်ယာဦးစီးဌာန အနေဖြင့်လည်း ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ထွန်စက်ကြီး ၁၅ စီး၊ လက်တွန်းထွန်စက် ၆၅၀၊ စပါးရိတ်သိမ်းခြွေလှေ့စက် ၁၀ စီးကို တောင်သူများထံသို့ လက်ငင်းစနစ်ဖြင့် ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာမျက်နှာ ၁၀ သို့ ○

# တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

## ရပ်စောက်မြို့နယ်၊ မာန်အောင်မြို့နယ်နှင့် ကျောက်ဖြူမြို့နယ်တို့တွင် လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး နှစ်အလိုက်လျာထားဆောင်ရွက်မည်

နေပြည်တော် ဇွန် ၃

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၂၀၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ရှိ ဆိုလာဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ မီတာခ လျှော့ပေါ့ကောက်ခံရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ခန္တီးမြို့အား ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် နေရောင်ခြည်စွမ်းအင်တစ်ခုတည်းဖြင့် လုံလောက်မှုမရှိသဖြင့် ဆိုလာဓာတ်အားပေးစက်ရုံတွင် Hybrid စနစ် ထည့်သွင်းတည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ခန္တီးမြို့အား ၂၄ နာရီ ဓာတ်အား ဖြန့်ဖြူးမည်ဆိုပါက ဘက်ထရီသက်တမ်းနှင့် ဆိုလာသက်တမ်းအပြည့်အဝ သုံးစွဲနိုင်ရန်အတွက် နေရောင်ခြည်ကောင်းစွာ မရရှိသောနေ့များနှင့် ဘက်ထရီအား ၅၀ ရာခိုင်နှုန်းအောက် ရောက်ရှိချိန်များတွင် ဒီဇယ်ဓာတ်အားပေး စက်များ မောင်းနှင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ခန္တီးမြို့သည် မိုးရာသီနှင့် ဆောင်းရာသီ ကာလများတွင် နေရောင်ခြည် ကောင်းမွန်စွာ မရရှိသဖြင့် အဆိုပါကာလများတွင် ဆိုလာမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှု နည်းပါးနိုင်ပြီး ဘက်ထရီအားသွင်းရန်လည်း နည်းပါးနိုင်သဖြင့် အဆိုပါရက်များတွင် အချိန်အနည်းငယ်သာ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း၊ ဆိုလာနှင့် ဘက်ထရီမှ ထုတ်လုပ်သော ဓာတ်အားဖြင့်သာ ဓာတ်အားဖြန့်ဖြူးပေးမည်ဆိုပါက ခန္တီးမြို့တွင် လျှပ်စစ်မီးအသုံးပြုနိုင်မှုသည် နေရောင်ခြည်ရရှိမှုပေါ်တွင် အဓိကမူတည်နေမည်ဖြစ်၍ အရေးကြီးနေရာများအား ၂၄ နာရီဓာတ်အားမပေးနိုင်ပါကြောင်း၊ ၂၄ နာရီ ဓာတ်အားရရှိလိုပါက ဒီဇယ်ဓာတ်အားပေးစက်များကို တစ်နေ့လျှင် အနည်းဆုံး နှစ်နာရီခန့် မောင်းနှင်ဓာတ်အားပေးရန် လိုအပ်မည်ဖြစ်ပြီး ဒီဇယ်ဆီတစ်ဂါလန်ဖြင့် စက်မောင်းနှင်ပါက စက်ထွက် ၁၄ ယူနစ်ခန့်သာ အများဆုံးအသုံးပြုနိုင်ပြီး ဒီဇယ်ဆီတစ်ဂါလန်လျှင် ဒေသပေါက်ဈေး ငွေကျပ် ၄၄၀၀၀ ခန့်ရှိခြင်းကြောင့် တစ်ယူနစ်ဈေး ၃၁၄၃ ကျပ်ခန့် ကျသင့်မည်ဖြစ်ပါကြောင်း။

### ဓာတ်အားခ လျှော့ချကောက်ခံနိုင်ရေး

သို့ပါ၍ ဆိုလာနှင့် ဘက်ထရီကိုသာအသုံးပြု၍ ခန္တီးမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းဆောင်ရွက်ပါက ၂၄ နာရီ ဓာတ်အားရရှိနိုင်မည် မဟုတ်ပါကြောင်း၊ ဓာတ်အားထုတ်လုပ်နိုင်မှုသည် နေရောင်ခြည်ရရှိမှုအပေါ်တွင် အလုံးစုံမှီခိုနေရခြင်းကြောင့် တစ်ရက်နှင့်တစ်ရက် ဓာတ်အားရရှိရန် မတူညီနိုင်ပါကြောင်း၊ နေရောင်ခြည် လုံလောက်စွာမရရှိသော အချိန်များတွင် ဓာတ်အားပြတ်တောက်မှုများ ရှိနိုင်ပါကြောင်း၊ အဆိုပါ အခြေအနေဖြင့် ဓာတ်အားခတစ်ယူနစ် (တစ်ကီလိုဝပ် နာရီ) ဈေးနှုန်းကို ငွေကျပ် ၉၀၀ ဖြင့် လျှော့ချကောက်ခံနိုင်ရန်အတွက် ခန္တီးမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ပြန်လည်ချုပ်ဆိုသွားရန် အစီအစဉ်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် အင်းတောမြို့ ကျောက်ဂူကျေးရွာအုပ်စုရှိ တောင်ပိုင်းလေးရွာဖြစ်သော ဆီဆုံဂနိုင်ကျေးရွာ၊ စံပယ်ကုန်းကျေးရွာ၊ တောင်သူကုန်း ကျေးရွာ၊ တောင်ထိပ် ကျေးရွာများအား လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ကျောက်ဂူ ကျေးရွာအုပ်စုရှိ တောင်ပိုင်းလေးရွာဖြစ်သော ဆီဆုံဂနိုင်ကျေးရွာ၊ စံပယ်ကုန်းကျေးရွာ၊ တောင်သူကုန်း ကျေးရွာ၊ တောင်ထိပ် ကျေးရွာတို့သည် အင်းတောမြို့နှင့် ကျောက်ဂူကျေးရွာအကြား တည်ရှိပြီး ကျောက်ဂူကျေးရွာမှ ရှစ်မိုင်အတွင်း တည်ရှိသော ကျေးရွာများဖြစ်ပါကြောင်း၊ ယင်းကျေးရွာများ ဓာတ်အားရရှိရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေများဖြင့် တောင်ထိပ်ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅၂ မိုင်၊ တောင်သူကုန်းကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း တစ်မိုင်၊ စံပယ်ကုန်းကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင်နှင့် ဆီဆုံဂနိုင်ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂ ဒသမ ၅ မိုင်တို့အား တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

သို့သော် ဇော်ဂျီအမှတ်(၂) ဓာတ်အားပေးစက်ရုံရှိ ၁၁/၁၁ ကေဗွီ၊ ၂ အမ်ဗွီအေ Isolation Transformer သည် အမြင့်ဆုံးဝန်အား ၁ ဒသမ ၄ မဂ္ဂါဝပ်အထိ ရှိနေပြီဖြစ်သည့်အတွက် အဆိုပါကျေးရွာလေးရွာအား ထပ်မံဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း မရှိခဲ့ပါကြောင်း။

ဇော်ဂျီ(၂) ကျောက်ဂူ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၉ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် အဆိုပါ ၆၆ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးမှသာ ကျောက်ဂူကျေးရွာအုပ်စုရှိ တောင်ပိုင်းလေးရွာဖြစ်သော ဆီဆုံဂနိုင်ကျေးရွာ၊ စံပယ်ကုန်းကျေးရွာ၊ တောင်သူကုန်း ကျေးရွာ၊ တောင်ထိပ် ကျေးရွာတို့အား ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း၊ အဆိုပါကျေးရွာလေးရွာတွင်ထပ်မံတည်ဆောက်ရန် လိုအပ်သည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ၁၁/ သုည ဒသမ ၄ ကေဗွီထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးမည့်ကာလနှင့် ကိုက်ညီအောင် ရှမ်းပြည်နယ် အစိုးရရန်ပုံငွေဖြင့် နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇော်ဇော်မြင့်၏ **ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် ဓာတ်အားပြင်ပစနစ် (OFF Grid) ဖြင့် နေစွမ်းအင်သုံးစီမံကိန်း(Solar Power Project) ကဲ့သို့ စီမံကိန်းတစ်ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ရခိုင်ပြည်နယ် မာန်အောင်ကျွန်းတွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ကိုရီးယားနိုင်ငံ KOICA တို့ ပူးပေါင်း၍ ကွင်းဆင်းတိုင်းတာမှုအရ အဆင့်သုံးဆင့်ဖြင့် Solar Power Plant များ တည်ဆောက်၍ဓာတ်အားပေးနိုင်ရန် စီမံချက်ရေးဆွဲခဲ့ပါကြောင်း။

### ဓာတ်အားဖြန့်ဖြူးပေး

ပထမဆင့်အနေဖြင့် မာန်အောင်ကျွန်း ခအုန်းမော်ကျေးရွာ မြေဧက ၁၅ ဧကပေါ်တွင် သုည ဒသမ ၅ MW Solar Power Plant (Solar+ Battery+ Diesel Generator) စနစ်အား မြေဧကနှစ်ဧကကို အသုံးပြု၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Posco Daewoo Co.,Ltd. ၏ လှူဒါန်းမှုဖြင့် တည်ဆောက်ခဲ့ပြီး မာန်အောင်မြို့ပေါ်ငါးရပ်ကွက်နှင့် ကျေးရွာလေးရွာအား ၂၀၁၉ ခုနှစ်နိုဝင်ဘာလမှစ၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း။

ဒုတိယအဆင့် အနေဖြင့် ကျေးရွာ ၆၂ ရွာ၊ အိမ်ထောင်စု ၆၂၄၁ စုအား ဓာတ်အားပေးနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၃၄ ဒသမ ၄ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၄၃ ဒသမ ၆ မိုင်၊ ထရန်စဖော်မာ ၅၃ လုံးအား ပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် ကြိုတင် တည်ဆောက်ထားပြီး ဖြစ်ပြီး ကျန်ရှိသည့် ၂ ဒသမ၅ MW Solar Power Plant (Solar+ Battery+ Diesel Generator) စနစ် တည်ဆောက်ခြင်းလုပ်ငန်းအား ခအုန်းမော်ကျေးရွာရှိ သုည ဒသမ ၅ MW Solar Power Plant မှ ကျန်မြေဧက ၁၃ ဧက ပေါ်တွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ပါ၍ ကျေးရွာ ၆၂ ရွာ၊ အိမ်ထောင်စု ၆၂၄၁ စုအား ဓာတ်အားပေးနိုင်ရေးအတွက် ၂ ဒသမ ၅ MW Solar Power Plant (Solar+ Battery+ Diesel Generator)စနစ် တည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှ စတင်၍ ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဘဏ္ဍာငွေ ခွင့်ပြုရရှိမှုအပေါ် မူတည်၍ နှစ်အလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ဒုတိယအဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးမှသာ ကျန်ရှိသည့်တတိယအဆင့်အား အဆင့်အလိုက် ဆက်လက်လျာထား အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇော်ဇော်မြင့်၏ **ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် လမ်းမီးများအား နေရောင်ခြည်စွမ်းအင်သုံး(Solar Power System) ဖြင့် လျှပ်စစ်မီး တပ်ဆင်ပေးသွားနိုင်ရေး အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အတွင်း လမ်းမီးလုံးရေ ၂၀၀၀ ခန့် တပ်ဆင်ရန် ရှိသည့်အနက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ဘဏ္ဍာငွေ ခွဲဝေပေးချက်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကုန်ကျစရိတ်ဖြင့် ဦးဥတ္တမလမ်း၊ ဈေးလမ်း၊ ငလပွေ့လမ်းဟောင်း၊ ငလပွေ့လမ်းသစ်၊ ပိတောက်ရွှေဝါလမ်း၊ ရုံးတက်လမ်း၊ ကမ်းနားလမ်း စသည့်လမ်းများနှင့် စေတီယျရပ်ကွက်နှင့် ပြင်ဖူမော်ရပ်ကွက် စသည့်နေရာများတွင် ၂၀၀ ဝပ် ဆိုလာလမ်းမီး အလုံးရေ ၁၀၀၀ အား တပ်ဆင်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

တပ်ဆင်ရန် ကျန်ရှိသည့် ဆိုလာလမ်းမီးများအား မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် ညှိနှိုင်း၍ လာမည့်ဘဏ္ဍာနှစ်များတွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ ဆက်လက်တပ်ဆင် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေးက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်းက ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ စာမျက်နှာ ၁၀ သို့ *



တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

★ စာမျက်နှာ ၂၄ မှ

ရှေ့စ်ကွန်ဂရက်စ်ငွေကြေးရန်ပုံငွေအဖွဲ့(Fund RC-Investments) ညွှန်ကြားရေးမှူးနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ရှေ့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့အကြား စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍ တို့၌ အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအလိုက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဆက်လက်တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်၊ စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး၊ ရှေ့စ်ကွန်ဂရက်စ်ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူးတို့နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၈ မှ

တောင်သူ လယ်သမားများ လယ်ယာသုံး စက်ကိရိယာများ၊ အခြောက်ခံစက်၊ သိုလှောင်ရုံ၊ ဆန်စက်များကို ဝယ်ယူနိုင်စေရန် အတိုးနှုန်း ခြောက်ရာခိုင်နှုန်း၊ ချေးငွေပမာဏ ငွေကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍ၊ ငွေကျပ် သိန်း ၃၀၀၀ အထက် တစ်ကဏ္ဍ တို့ဖြင့် တိုးမြှင့်ထုတ်ချေးပေးသွားရန် ၂၀၂၆ ခုနှစ် ဧပြီ ၄ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ကြေညာထားပါကြောင်း၊ သီးနှံ သိုလှောင်ရုံနေရာ ရရှိရေးနှင့် ပတ်သက်၍ လယ်ယာမြေဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သီးနှံ ဈေးကွက်များ ဖန်တီးပေးရေး အတွက် တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင် အဖွဲ့တွင် မူလခွင့်ပြုထားသည့် သီးနှံ/ကုန်စည် ကိုးမျိုးကို ဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ဆိုထားရှိပြီး ကုန်စည်ခုနစ်မျိုးကို တရုတ်နိုင်ငံ ဈေးကွက်သို့ တင်ပို့နိုင်ရေး ဆောင်ရွက်ထားရှိ ပါကြောင်း၊ စိုက်ပျိုးထွက်ရှိသည့် သီးနှံများ ဈေးကွက်ရရှိရန် သီးနှံအလိုက် ချေးငွေနှုန်းထားများ တိုးမြှင့်ပေး ခြင်း၊ လယ်ယာသုံးစက်ကိရိယာ ချေးငွေများ တိုးမြှင့်ပေးခြင်း၊ သွင်းအားစုများ ရရှိရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း၊ ကန်ထရိုက် လယ်ယာစနစ်ကို အားပေးမြှင့်တင်ခြင်း၊ ပန်းတိုင် အထွက်နှုန်းသတ်မှတ်ပြီး ထုတ်လုပ်မှုတိုးတက်အောင် တွန်းအားပေး ဆောင်ရွက်ခြင်း၊ သဘာဝ မြေဩဇာနှင့် ဓာတ်မြေဩဇာကို တွဲဖက်အသုံးပြုပြီး သွင်းအားစု စရိတ် သက်သာစေရန် ပညာပေး ခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုပံ့ပိုးပေးပြီး သီးနှံနှင့်ပေးချေစေသည့် လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း ပြန်လည်ဖြေကြား သည်။

**မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ်၏ မိုင်းယန်းမြို့နယ် မိုင်းလွေ ကျေးရွာအုပ်စု ဝမ်တောင်းကျေးရွာ ကိုယ်ထူကိုယ်ထ လက်ရိုက်ဆည် အား ကျောက်စီကွန်ကရစ်ဆည် အဖြစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ၊ တည်ဆောက်ပေးမည် ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယ ဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်း မြို့နယ် မိုင်းလွေကျေးရွာအုပ်စု ဝမ်တောင်းကျေးရွာအနီး နမ့်လွေ ချောင်း၌ ဒေသခံတောင်သူများ သည် မျော၊ ဝါးများဖြင့် ကိုယ်ထူ ကိုယ်ထ လက်ရိုက်ဆည်ပြုလုပ်၍ နမ့်လွေချောင်းမှရေကို သွယ်ယူ ကာ စိုက်ပျိုးလျက်ရှိပါကြောင်း၊ အဆိုပါ လက်ရိုက်ဆည်သည် မိုးတွင်းကာလ မိုးရွာသွန်းမှုများပြား ပါက မကြာခဏကျိုးပေါက်လေ့ ရှိကြောင်း၊ သို့ဖြစ်၍ ဝမ်တောင်း ကျေးရွာရှိဒေသခံတောင်သူများ၏ လယ်မြေဧက ၁၆၀ မှာ မိုးသီးနှံ၊ နွေသီးနှံ သီးထပ်သီးညှပ်စိုက်ပျိုး နိုင်ရန်အတွက် အဆိုပါလက်ရိုက် ဆည်ကိုကျောက်စီကွန်ကရစ်ရေလွှဲ ဆည် တည်ဆောက်ခြင်းလုပ်ငန်း အား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြ တောင်းခံပြီး အကောင်အထည် ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြား သည်။

ထို့နောက် **အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာငွေးဝင်း၏ လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေမှ ထွက်ရှိသော ထွက်ကုန်သီးနှံ ဈေးနှုန်းထိန်းညှိရေး ကော်မရှင် တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ပေးပါ ရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုနှင့် စပ်လျဉ်း၍** ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည် စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်း များဆိုင်ရာ ကော်မတီဖွဲ့စည်းရေး နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများ ဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌ အဖြစ် စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံနှင့် အတွင်းရေးမှူးအဖြစ် ချောင်းဦး မဲဆန္ဒနယ်မှ ဦးထွန်းလွင် တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွား မည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို ဇွန် ၅ ရက် နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

✻ စာမျက်နှာ ၉ မှ

ဆက်လက်၍ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက အစိုးရ မဟုတ်သော ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းမည် ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌ အဖြစ် ကချင်ပြည်နယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဒေါ်မီမီကျော်ထွန်းနှင့် အတွင်းရေးမှူးအဖြစ် စစ်ကိုင်း တိုင်းဒေသကြီး အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းမည် ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေက အွန်လိုင်းလိမ်လည်မှု တိုက်ဖျက် ရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခြင်း ဖြင့် ရရှိမည့်အကျိုးကျေးဇူးများ သည် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကြီးကြပ်မှု ဗဟို ကော်မတီ၏ ကြီးကြပ်မှုများဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက် ရေးဗဟိုဌာန (Anti-Scam Centre)ကို ဖွဲ့စည်းပြီး ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့ အစည်းများ၊ အီလက်ထရောနစ် ငွေပေးချေမှု ဝန်ဆောင်မှုပေးသူ များ၊ဆက်သွယ်ရေးအော်ပရေတာ များနှင့် အင်တာနက်ဝန်ဆောင်မှု ပေးသူများအကြား သံသယ ဖြစ်ဖွယ်အကောင့်များ၏ ငွေကြေး စီးဆင်းမှုများနှင့် ဆက်သွယ်ရေး ဆိုင်ရာ အချက်အလက်များကို ဒီဂျစ်တယ်စနစ်များ အချက် အလက်ဖလှယ်မှု နည်းပညာ (Application Programming Interface-API) မှတစ်ဆင့် အပြန်အလှန်ချိတ်ဆက်၍သတင်း အချက်အလက်များ ဖလှယ် နိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အွန်လိုင်းလိမ်လည်မှု များကိုကြိုတင်တားဆီးကာကွယ် နိုင်မည်ဖြစ်သည့်အပြင် အွန်လိုင်း လိမ်လည်မှု ကျူးလွန်ခံရ၍ နစ်နာသူဆုံးရှုံးသွားသည့်ငွေကြေး စီးဆင်းမှုများကို အာဆီယံ ရဲတပ်ဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့တို့နှင့်ချိတ်ဆက်၍ သတင်း အချက်အလက်ဖလှယ်ပြီး အချိန်မီ ပိတ်သိမ်းခြင်းများ ဆောင်ရွက် နိုင်မည်ဖြစ်ပါကြောင်း၊ အွန်လိုင်း လိမ်လည်မှု ကျူးလွန်သူများကို လည်း ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်နိုင်မည် ဖြစ်သဖြင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစား ဆောင်ရွက်ပေး နိုင်ပါရန် အဆိုတင်သွင်းသည်။

ယင်းနောက် ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး ပဲခူး တိုင်းဒေသကြီး အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက်က အွန်လိုင်းလိမ်လည်မှု တိုက်ဖျက် ရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီအရင် ခံစာကို ဖတ်ကြားရှင်းလင်း သည်။

ဆက်လက်၍ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက အွန်လိုင်း လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင် ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသား လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ချုပ်ထံ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို ဇွန် ၈ ရက်တွင် ဆက်လက် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

◎ စာမျက်နှာ ၂၄ မှ

တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက် အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးတို့အတွက် ရှေ့တန်းစစ်မျက်နှာတွင် အသက်ကို ပဓာနမထားဘဲ စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန် ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြု အမှာစကားပြောကြားပြီး ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

မြန်မာအသင်းတိုက်စစ်တွင် ဝါရင့်တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းမပါ နိုင်သဖြင့် မေထက်လူကို အထောင်တိုက်စစ်မှူးအဖြစ် ထားကာ မျိုးမြမြငြိမ်း (ဂိုး)၊ မေသက်မွန်မြင့်၊ ဖြူဖွေး၊ ဇွန်ယုယဦး၊ လင်းလဲ့ဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ခင်မာလာထွန်း၊ ရှုပါခိုင်၊ စန်းသော်သော် တို့ဖြင့် ပွဲထွက်လာသည်။ ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသော်လည်း ဥဇဘက်ကစ္စတန်အသင်းက ခန္ဓာကိုယ် ထွားကျိုင်းသည့်အပြင် လျင်မြန်မှုပိုသာသဖြင့် မြန်မာအသင်းအနေဖြင့် ရုန်းကန်ခဲ့ရသည်။ ထို့ပြင် ဝင်းသိင်္ဂီထွန်းမပါသည့်တိုက်စစ်မှာ မေထက်လူနှင့် အလုပ်မဖြစ်သလို အသင်းခေါင်းဆောင် ခင်မာလာထွန်းအပါအဝင် နော်ထက်ထက်ဝေ၊ ဖြူဖြူဝင်း၊ စန်းသော်သော် စသည့်အမာခံကစားသမားများပါ အမှားများ ခဲ့သည်။ ၂၂ မိနစ်ကတည်းက ဥဇဘက်ကစ္စတန်အသင်း အနိုင်ဂိုးရခဲ့ပြီး ကူဒရာတိုဗာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် စုစုကြည် အပိုင်အခွင့်အရေးရသော်လည်း အသုံးမချနိုင်သဖြင့် မြန်မာအသင်း ချေပဂိုးနှင့် ဝေးခဲ့ရသလို နောက်ပိုင်းတွင် ချေပဂိုးရနိုင်သည့် အခွင့် အရေးများ လွဲချော်ခဲ့သဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဒုတိယပွဲကို ဇွန် ၆ ရက် ညနေ ၅ နာရီတွင် ဆက်လက်ကျင်းပ မည်ဖြစ်ပြီး ထိုင်းအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစား မည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-စိုးညွန့်သော်

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ



**မိုးကောင်း ဇွန် ၃**

ကချင်ပြည်နယ်၊ မိုးညှင်း ခရိုင်၊ မိုးကောင်းမြို့နယ် ပြန် ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးလူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကို ဇွန် ၂ ရက် နံနက် ၁၀ နာရီ က ကျင်းပခဲ့သည်။

စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် အမျိုးသား သုံးဦး၊ အမျိုးသမီး ၁၁ ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသူ ၁၂ ဦးတို့က သစ်ပင်ပန်းမန်သဘာဝ ပတ်ဝန်းကျင်တည်ငြိမ်ရေး နှလုံး သားဖြင့် ကူညီပေး ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KNLA အဖွဲ့၊ ABSDF အဖွဲ့၊ NMSP (မွန်)(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ရှစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ



နေပြည်တော် ဇွန် ၃

နိုင်ငံတော် အစိုးရအနေဖြင့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက် လာကြသူများအား လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် KNLA အဖွဲ့၊ ABSDF အဖွဲ့၊ NMSP(မွန်)(ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့တို့မှ အဖွဲ့ဝင်အမျိုးသား ရှစ်ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာ ပုဒ်မများကို အသိပညာပေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့် အတူပါရှိလာသည့် ကာဘိုင်သေနတ် တစ်လက်၊ AK-47 သေနတ် တစ်လက်၊ M4A1 သေနတ် တစ်လက်၊ SUR-M9 A-2 YSRA 1 YSO1-2419684 9mm အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည်အတောင့် ၁၅၀၊ ကျည်အိမ် ခြောက်ခု၊ စကားပြောစက် တစ်လုံး(အားသွင်းကြိုးပါ)၊ လက်ထိပ် တစ်စုံတို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန် ရိုင်ဖယ်သေနတ် သုံးလက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၅၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေး ငွေကျပ်သိန်း ၂၀၊ စကားပြောစက် တစ်လုံးအတွက် ဆုကြေး ငွေကျပ်နှစ်သိန်းနှင့် ဥပဒေဘောင် အတွင်း ဝင်ရောက်လာသူများ အတွက် ငွေကျပ် ၂၄ သိန်း စုစုပေါင်းဆုကြေးငွေကျပ် ၁၉၆ သိန်းနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ယနေ့ အခမ်းအနားတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ် လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်း အပ်နှံခဲ့မှုအနေဖြင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်မှ တစ်ဦး၊ ဘားအံမြို့နယ်မှ တစ်ဦး၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်မှ တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ တစ်ဦး၊ မွန်ပြည်နယ် ရေးမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်မှ တစ်ဦးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်မှ တစ်ဦး စုစုပေါင်း ရှစ်ဦး ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ များစွာကျန်ရှိနေသေးကြောင်းသိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်သုံးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖြိုချဖျက်ဆီးမှု။

နေပြည်တော် ဇွန် ၃

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်း မပြုနိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ်လူနေအဆောက်အအုံသုံးလုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ အလုံး ၃၀ အား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၄၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

☆ စာမျက်နှာ ၂၄ မှ

အဆိုပါ ပြိုင်ပွဲတွင် ပြီးခဲ့သည့်နှစ် မြန်မာအမျိုးသမီးလိဂ် ချန်ပီယံ ဧရာဝတီအက်ဖ်စီ (Ayeyawady FC) အသင်းပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲတွင် စုစုပေါင်း ကလပ်အသင်း ၃၁ သင်း ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားပြီး အဆင့်အမြင့်ဆုံး အသင်း ငါးသင်းမှာ အုပ်စုအဆင့် (Group Stage)သို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိထားသည်။ မြန်မာကိုယ်စားပြု ဧရာဝတီအက်ဖ်စီအသင်း အပါအဝင် ကျန်ရှိသည့် ကလပ်အသင်း ၂၆ သင်းမှာမူ ပဏာမအဆင့် (Preliminary Stage)မှ စတင်၍ အုပ်စုအဆင့် တက်ရောက်ခွင့်ရရန် အကြိတ်အနယ် ယှဉ်ပြိုင်ကြရမည် ဖြစ်သည်။

ပဏာမအဆင့် ပွဲစဉ်များကို ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်အထိ သတ်မှတ်ထားသည့် အိမ်ရှင်နိုင်ငံများတွင် ကျင်းပသွားမည်ဖြစ်ကာ အုပ်စု(၇)စုမှ အုပ်စုပထမရရှိသည့် ခုနစ်သင်းသာ နောက်တစ်ဆင့် (Group Stage)သို့ တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

မဲခွဲပွဲအတွက် အသင်းများ၏ အိုး (Pot) ခွဲဝေမှုတွင် 2024/2025 AFC အမျိုးသမီးကလပ်ပြိုင်ပွဲများ၏ အဆင့်သတ်မှတ်ချက် (AFC Women's Club Competitions Ranking 2024/2025) အရ အဆင့်ခွဲခြားထားခြင်းဖြစ်သည်။ မြန်မာကိုယ်စားပြု ဧရာဝတီအက်ဖ်စီအသင်းသည် အဆင့်(၁၅)နေရာဖြင့် အိုး (၂) (Pot 2)တွင် မလေးရှား၊ မြောက်ကိုရီးယား၊ ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊ ဟောင်ကောင်၊ လာအိုနိုင်ငံတို့မှ ကလပ်အသင်းများနှင့်အတူ ကျရောက်နေသည်။ လာမည့် ဇူလိုင် ၂ ရက်တွင် ပြုလုပ်မည့် မဲခွဲပွဲ အခမ်းအနားကို အာရှဘောလုံးအဖွဲ့ချုပ်၏ တရားဝင် AFC YouTube Channel မှတစ်ဆင့် တိုက်ရိုက် (Live Stream) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

(NGB)

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် (၁၁)ကြိမ်မြောက် သူနာပြု-သားဖွား ဒီပလိုမာအောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားသို့ တက်ရောက်





**မန္တလေး ဇွန် ၃**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုသိပ္ပံ (မန္တလေး)၊ သူနာပြု-သားဖွား ဒီပလိုမာ (၃)နှစ် သင်တန်း၊ (၄/၂၀၂၃) သင်တန်းသား၊ သင်တန်းသူများ၏ (၁၁)ကြိမ်မြောက် သူနာပြု-သားဖွား ဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးမြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သူနာပြုတက္ကသိုလ် မန္တလေးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များနှင့် ဆရာ၊ ဆရာမများ၊ ဆေးရုံအုပ်ကြီးများ၊ သူနာပြုအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်နေရာတွင် သူနာပြုများသည် အလိုအပ်ဆုံး အားထားရဆုံး လူ့စွမ်းအားစုများ ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများ၊ အရှိန်မြှင့်တင်မှုလုပ်ငန်းများတွင် ပြည်သူလူထုအတွက် ဦးတည်ပြီး ကျင့်ဝတ်သိက္ခာများနှင့်အညီ သစ္စာရှိရှိ တာဝန်ကျေကျေ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် သူနာပြုသိပ္ပံ (မန္တလေး) ဒုတိယကျောင်းအုပ်က သင်တန်းဆင်းအမှာစကားနှင့် နောက်ဆုံးနှစ်(၄/၂၀၂၃) သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို ကျင်းပခဲ့ပြီး သူနာပြုသိပ္ပံ(မန္တလေး)၏ စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ဝင်များက သူနာပြု-သားဖွား ဒီပလိုမာ(၃)နှစ်သင်တန်း သင်တန်းသား၊ သင်တန်းသူ ၁၂၁ ဦးအား တစ်ဦးချင်းစီ ဒီပလိုမာ အောင်လက်မှတ်များ အပ်နှင်းခဲ့ ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## တောင်သူနည်းပညာပေးဆွေးနွေးပွဲပြုလုပ်



**ချောင်းဦး ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ယနေ့နံနက် ၁၁ နာရီက မိုးချည်မျှင်ရှည်ဝါပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲအား ဝန်ထမ်း၊ တောင်သူ ၁၃၂ဦးဖြင့် ပြုလုပ်ခဲ့သည်။

**(အပေါ်ပုံ)**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးဝင်းနိုင်ဦးနှင့် မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေတို့က အမှာစကား ပြောကြားကြသည်။

ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာခိုင်က သီးနှံအထွက်နှုန်း မထိခိုက်စေသည့် ဓာတ်မြေသြဇာ လျှော့ချသုံးစွဲနိုင်သော နည်းလမ်းများအား ဆွေးနွေးသည်။ တက်ရောက်လာသော တောင်သူများထဲမှ ပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား ဆေးဖျန်းပုံး၊ ဓာတ်မြေသြဇာနှင့် သီးနှံမျိုးစေ့များ၊ အပင်အားဆေးများ၊ လက်ကမ်းစာစောင်များကို အခမဲ့ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက မိုးချည်မျှင်ရှည်ဝါနှင့် အခြားသီးနှံများ အထွက်နှုန်း တိုးတက်မြင့်မားစွာ ရရှိရေးတို့အတွက် လိုအပ်သော အချက် အလက်များအား ဖြည့်စွက်ဆွေးနွေးသည်။ တက်ရောက် လာသည့် တောင်သူများက သိလိုသမျှမေးမြန်းခဲ့ပြီး ဌာနမှ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့ကာ မွန်းလွဲ ၂ နာရီတွင် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် မိုးစိုက် ချည်မျှင်ရှည်ဝါ လျာထား ၃၈၈၅ ဧကအား ဧကပြည့်မီရေး၊ စိုက်ဧက တိုးတက်မြင့်မားစွာ ရရှိရေးတို့အတွက် ကွင်းသရုပ်ပြပွဲများ၊ တောင်သူနည်းပညာပေး ဆွေးနွေးပွဲများ ပြုလုပ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေထံမှ သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

## ပျော်ဘွယ်မြို့နယ်၌ အမျိုးသမီးကလေးဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပျော်ဘွယ် ဇွန် ၃**

ပျော်ဘွယ်မြို့နယ်တွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့်အမျိုးသမီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးက မြို့နယ် အမျိုးသမီးကော်မတီအနေဖြင့် အမျိုးသမီးများအတွက် လူမှုရေး၊ အထောက်အကူပြု တစ်ပိုင်တစ်နိုင်စီးပွားရေး၊ စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ရမည်းသင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီမှ ချမှတ်ထားသော မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

ပျော်ဘွယ်မြို့နယ် အမျိုးသမီး ကော်မတီအနေဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဌာနများ၊ လူမှုအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အသိပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**



# နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်များကို အကောင်အထည်ဖော်သည့်အနေဖြင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (MUFL)နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ(ASPU)တို့ ပူးပေါင်းကျင်းပသော ရုရှားဘာသာစကားဆိုင်ရာပညာရေးနှင့် သင်ကြားရေးနည်းစနစ်ပိုင်း ဆိုင်ရာသင်တန်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၃**

နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်များကို အကောင်အထည်ဖော်သည့် အနေဖြင့် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှစ်နိုင်ငံအကြား ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတစ်ရပ်အဖြစ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (Mandalay University of Foreign Languages-MUFL) နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ (Altai State Pedagogical University of the Russian Federation–ASPU) တို့ ပူးပေါင်းကျင်းပသော ပညာရေးဆိုင်ရာနှင့် နည်းစနစ်ပိုင်းဆိုင်ရာ သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်(MUFL)တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Altai State Pedagogical University of the Russian Federation မှ ပါမောက္ခနှင့် တွဲဖက်ပါမောက္ခ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Altai State Pedagogical University of the Russian Federation မှ ပါမောက္ခတို့က တက္ကသိုလ်ပင်မဆောင်ရှေ့တွင် အခမ်းအနား ပထမပိုင်း အစီအစဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တက္ကသိုလ်ရှိ ယဉ်ကျေးမှုပြခန်းသို့ သွားရောက်၍ တရုတ်၊ ထိုင်း၊ ဂျာမန်၊ ကိုရီးယား၊ ဂျပန်၊ ရုရှား၊ ပြင်သစ်၊ အင်္ဂလိပ်၊ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ငင်းနောက် သီရိရတနာခန်းမတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခု မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Altai State Pedagogical University (ASPU)တို့၏ ပညာရေးပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတော်အစိုးရသစ်၏ရက် (၁၀၀) စီမံချက်များထဲမှ တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသူများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ်က ရုရှားဘာသာစကားကို နိုင်ငံတကာဘာသာစကားအဖြစ် သင်ကြားရာတွင် ခေတ်မီ သင်ကြားရေးနည်းစနစ်များ အသုံးပြုနိုင်စေရန်နှင့် ရုရှားဘာသာစကားဆိုင်ရာ ဆက်သွယ်ပြောဆိုမှုနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ရုရှားဘာသာ ကျောင်းသား၊ ကျောင်းသူများက ပါရမီပြည့် ရုရှားရိုးရာအကနှင့် ကာလင်းကာရုရှားရိုးရာကျေးလက်အကများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ ဇွန် ၁၀ ရက်အထိ ဖွင့်လှစ်ပို့ချမည့် ရက်တိုသင်တန်းများတွင် ဆရာ၊ ဆရာမများအတွက် သင်ကြားနည်းဆိုင်ရာ သင်တန်း၊ မဟာတန်းကျောင်းသား၊ ကျောင်းသူများအား သင်ခန်းစာပို့ချချက်ဆိုင်ရာသင်တန်း၊ ရုရှားဘာသာစကားစတင် လေ့လာသူများအတွက် အခြေခံရုရှားဘာသာရပ်ဆိုင်ရာ သင်တန်းများ ပါဝင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







## အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (၁၂)ကြိမ်မြောက်ထုတ်ချေး

**ပူတာအို ဇွန် ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ဆာရ်ခွမ်ဒမ်း ကျေးရွာ၌ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဆာရ်ခွမ်ဒမ်း ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင် များအသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းစေလိုကြောင်း၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၆၄၇ သိန်းကိုလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာ မြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထန်ထုကျေးရွာရှိ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၂၅၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၃၇၁ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၂၀ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို ငွေကျပ် ၆၄၇ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

**အောင်ရဲကျော်**

၀-၀-၀-၀-၀



## လာအိုနိုင်ငံ၏ အကြီးဆုံး မဟိုဆော့ဆေးရုံ တိုးချဲ့ရာတွင် တရုတ်နိုင်ငံ၏ ရန်ပုံငွေထည့်ဝင် မ,တည်ဆောက်လုပ်ခဲ့

**ဗီယင်ကျန်း ဇွန် ၃**

လာအိုနိုင်ငံ၏ မြို့တော် ဗီယင်ကျန်းရှိ မဲခေါင်မြစ်ကမ်းဘေးတွင် မကြာသေးမီက ထပ်မံတိုးချဲ့ထားသော ခေတ်မီဆေးဘက်ဆိုင်ရာ အဆောက်အအုံစု တစ်ခုဖြစ်သည့် မဟိုဆော့ဆေးရုံ တည်ရှိနေပြီး အဆိုပါဆေးရုံသည် ၁၉၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သော လာအိုနိုင်ငံ၏ပထမဆုံးသော ဆေးရုံဖြစ်သည့်အပြင် လက်ရှိတွင် နိုင်ငံ၏ အကြီးဆုံး ဆေးရုံလည်းဖြစ်ကြောင်း စီအင်န် အေသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံ၏ ရန်ပုံငွေဖြင့် မ,တည်တည်ဆောက်ခဲ့ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၇၂ သန်းခန့် ရှိသော အဆိုပါတိုးချဲ့ဆေးရုံသည် လက်ရှိတွင် သုံးဟက်တာ ကျယ်ဝန်းပြီး ခုတင် ၆၀၀ နှင့် ခေါင်မိုးပေါ်၌ ရဟတ်ယာဉ် ဆင်းတက်နိုင်မည့် ကွင်းတစ်ကွင်းလည်း ပါဝင်သည်။



၂၀၁၇ ခုနှစ်က သမ္မတ ရှီကျင့်ဖျင် လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အဖြစ် သွားရောက်ခဲ့ပြီး ယင်းခရီးစဉ်သည် တရုတ်နိုင်ငံတော် အကြီးအကဲနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ထိပ်တန်းခေါင်းဆောင် တစ်ဦးအနေဖြင့် ၁၁ နှစ်အတွင်း ပထမဆုံးအကြိမ် သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## အားကောင်းသော အပူပိုင်းမုန်တိုင်း ဂျန်မီကြောင့် ဂျပန်တွင် နေအိမ်များစွာ လျှပ်စစ်ပြတ်တောက်



**တိုကျို ဇွန် ၃**

အားကောင်းသော အပူပိုင်းမုန်တိုင်း ဂျန်မီသည် ဇွန် ၃ ရက်က ဂျပန်နိုင်ငံကို ဖြတ်သန်းတိုက်ခတ်ခဲ့ရာ ပြင်းထန်သော လေတိုက်ခတ်မှုများနှင့် သည်းထန်စွာ ရွာသွန်းသော မိုးရွာသွန်းမှုများကြောင့် သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေးလုပ်ငန်းများ အနှောင့်အယှက်ဖြစ်ခဲ့ရသည့်အပြင် နေအိမ်ထောင်ပေါင်းများစွာလည်း လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေအေသတင်းဌာနက ဖော်ပြသည်။

မုန်တိုင်းဗဟိုချက်သည် ထိုနေ့ မွန်းလွဲပိုင်းအထိ တိုကျိုမြို့၏ တောင်ဘက် ကီလိုမီတာ ၁၅၀ ခန့်အကွာတွင် တည်ရှိနေပြီး တစ်စက္ကန့်လျှင် ၂၅ မီတာအထိ အမြင့်ဆုံး လေတိုက်နှုန်းဖြင့် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ ရွေ့လျားနေကြောင်း ဂျပန်မိုးလေဝသဌာနက ကြေညာသည်။

အဆိုပါမုန်တိုင်းသည် ဂျပန်နိုင်ငံအရှေ့ပိုင်း ပစိဖိတ်သမုဒ္ဒရာဘက်အခြမ်းသို့ အလွန်နီးကပ်စွာ ဖြတ်သန်းသွားမည်ဖြစ်သဖြင့် အထူးသတိထားရန် လိုအပ်ကြောင်း အဆိုပါဌာန၏ ကြေညာချက်တွင် ရေးသားထားကြောင်း သိရသည်။

**Mon**

## စင်ကာပူနိုင်ငံသားများ၏ မျှော်မှန်းသက်တမ်းကာလ ၈၃ ဒသမ ၉ နှစ်သို့ မြင့်တက်လာခဲ့

**စင်ကာပူ ဇွန် ၃**

စင်ကာပူနိုင်ငံသားများ၏ မွေးဖွားစတွင် မျှော်မှန်းနိုင်သော သက်တမ်းသည် ၂၀၂၅ ခုနှစ်တွင် ၈၃ ဒသမ ၉ နှစ်သို့ မြင့်တက်လာပြီး ယင်းမှာ ၂၀၂၄ ခုနှစ်ထက် ၀ ဒသမ ၂ နှစ် တိုးလာခြင်းဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ဇွန် ၃ ရက်က စင်ကာပူစာရင်းအင်းဦးစီးဌာနက ထုတ်ပြန်ခဲ့သည့် အကြိုအချက်အလက်များအရ မျှော်မှန်းသက်တမ်းသည် လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်း တိုးတက်လာခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၈၂ ဒသမ ၉ နှစ် ရှိခဲ့ရာမှ မြင့်တက်လာခြင်းဖြစ်သည့်အပြင် ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်က အမြင့်ဆုံးဖြစ်ခဲ့သည့် ၈၃ ဒသမ ၇ နှစ်ထက်ပင် ကျော်လွန်သွားကြောင်း ပြသနေသည်။

၂၀၂၅ ခုနှစ်တွင် အသက် ၆၅ နှစ်ရှိပြီဖြစ်သော နိုင်ငံသားများသည် ၈၆ ဒသမ ၆ နှစ်အထိ နေထိုင်နိုင်မည်ဟု မျှော်မှန်းနိုင်ပြီး ယင်းမှာ ၂၀၂၄ ခုနှစ်ထက် ၀ ဒသမ ၂ နှစ်နှင့် ၂၀၁၅ ခုနှစ်ထက် ၀ ဒသမ ၈ နှစ် ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## နယူးဒေလီရှိ အထပ်မြင့်အဆောက်အအုံ မီးလောင် လူ ၂၁ ဦး သေဆုံး၊ အများအပြား ဒဏ်ရာရရှိ

**နယူးဒေလီ ဇွန် ၃**

အိန္ဒိယနိုင်ငံ၏ မြို့တော် နယူးဒေလီရှိ အထပ်မြင့်အဆောက်အအုံတစ်ခုတွင် ယမန်နေ့က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ အနည်းဆုံး လူ ၂၁ ဦး သေဆုံးပြီး အခြားလူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူအများစုမှာ ဆေးကုသမှုခံယူရန် သို့မဟုတ် ဆေးကုသမှုခံယူနေသည့် ဆွေမျိုးသားချင်းများထံ လိုက်ပါစောင့်ရှောက်ရန် အိန္ဒိယသို့ လာရောက်ကြသည့် တောင်အာရှနိုင်ငံများမှ နိုင်ငံခြားသားများဖြစ်သည်။

လူဦးရေ ၄၀ ကျော်ကို ကယ်ဆယ်နိုင်ခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ထားသည်။ မီးလောင်ကျွမ်းမှု ဖြစ်ပွားချိန်တွင် မာလ်ဗီယာနဂါးအရပ်ရှိ အဆိုပါအဆောက်အအုံအတွင်း၌ လူဦးရေမည်မျှရှိနေသည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးသည့်အပြင် မီးလောင်ရသည့် အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## မိုက်ခရိုဆော့ဖ်ကုမ္ပဏီ၏ ကွမ်တမ်ချစ်ပ်အသစ် ယုံကြည်စိတ်ချရမှု သိသိသာသာ ပိုမိုမြင့်မားလာ

**ဝါရှင်တန် ဇွန် ၃**

မိုက်ခရိုဆော့ဖ်ကုမ္ပဏီ၏ ကွမ်တမ်ချစ်ပ်အသစ်သည် ယခင်ဗားရှင်းထက် ယုံကြည်စိတ်ချရမှု သိသိသာသာ ပိုမိုမြင့်မားလာပြီး သုံးနှစ်အတွင်း စီးပွားရေးအရ အသုံးဝင်မည့် ပြဿနာများကို ဖြေရှင်းနိုင်သော ကွမ်တမ်ကွန်ပျူတာ တစ်လုံး ပေါ်ပေါက်လာစေရန် လမ်းခင်းပေးနေကြောင်း သိရသည်။

ကွမ်တမ်ကွန်ပျူတာနည်းပညာ၏ အဓိကဗဟိုချက်မှာ ကျူဘစ်များဖြစ်ပြီး ၎င်းတို့သည် လက်ရှိကွန်ပျူတာများ မဖြေရှင်းနိုင်သော မေးခွန်းများကို အဖြေထုတ်ပေးနိုင်မည့် အလားအလာရှိသော်လည်း အလွန်တရာ နူနယ်ပြီး မတည်ငြိမ်မှုများ ရှိနေသေးသည်။

မိုက်ခရိုဆော့ဖ်၏ မာဂျိုရာနာ ၁ ချစ်ပ်ပေါ်ရှိ ကျူဘစ်များသည် မီလီစက္ကန့်အနည်းငယ်သာ ခံသော်လည်း မာဂျိုရာနာ ၂ ဟု အမည်ရသည့် ချစ်ပ်အသစ်ပေါ်ရှိ ကျူဘစ်များသည် ပျမ်းမျှအားဖြင့် စက္ကန့် ၂၀ အထိ ခံနိုင်ရည်ရှိကြောင်း အဆိုပါကုမ္ပဏီက ပြောကြားသည်။

ထို့ကြောင့် ချစ်ပ်အသစ်သည် ယုံကြည်စိတ်ချရမှု အဆပေါင်း ၁၀၀၀ ပိုမိုမြင့်မားလာပြီး ယင်းသို့ စွမ်းဆောင်ရည် တိုးတက်လာမှုကို မိုက်ခရိုဆော့ဖ်က ဖုန်းတစ်လုံးအတွက် လိုအပ်သည့် ကွာခြားချက်နှင့် နှိုင်းယှဉ်ပြထားကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀-၀-၀



STOP AIDS

## မကြာမီ ဖြစ်ပေါ်လာဖွယ်ရှိသော အယ်လ်နီညိုကြောင့် ကမ္ဘာမြေပေါ်တွင် အပူချိန်များ ပိုမိုမြင့်တက်လာမည်

**ဝါရှင်တန် ဇွန် ၃**

ရာသီဥတုပြောင်းလဲမှုကြောင့် ဖိအားများနှင့် ရင်ဆိုင်နေရပြီးဖြစ်သော ကမ္ဘာ့မြေပေါ်တွင် အပူချိန်များကို ပိုမိုမြင့်တက်လာစေမည့် သဘာဝအယ်လ်နီညို ရာသီဥတုဖြစ်စဉ်၏ အဆင့်သစ်တစ်ခုသည် သီတင်းပတ်အနည်းငယ်အတွင်း စတင်နိုင်သည်ဟု ကုလသမဂ္ဂက သတိပေးလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်သည် ၂၀၂၆ ခုနှစ်၏ ကျန်ရှိသော ကာလများအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး ကမ္ဘာ့နေရာအနှံ့အပြားတွင် ပိုမိုပြင်းထန်သော ရာသီဥတုဆိုးရွားမှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့က အစီရင်ခံသည်။

အမျိုးသား မိုးလေဝသ အေဂျင်စီအသီးသီး၏ ခန့်မှန်းချက်အချို့အရ ယခုဖြစ်စဉ်သည် မှတ်တမ်းတင်ထားသမျှတွင် အားအကောင်းဆုံး အယ်လ်နီညိုဖြစ်စဉ်များထဲမှ တစ်ခုဖြစ်လာနိုင်ပြီး "စူပါ" အယ်လ်နီညိုဟုပင် ခေါ်ဆိုနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Mon**



# နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

**နွားထိုးကြီး ဇွန် ၃**

နွားထိုးကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် (၁၀၀) 'လမင်းစီမံချက်' ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးခြင်းကို နွားထိုးကြီးမြို့ အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းတွင် ဇွန် ၁ ရက် နံနက် ၉ နာရီခွဲက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အဆိုပါ 'လမင်းစီမံချက်' ကွင်းဆင်းဆောင်ရွက်မှုကို နွားထိုးကြီးမြို့နယ် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသိန်းဇော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးဇော်ထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်စိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်ဇင်ဇင်လင်းတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသား၊ ကျောင်းသူများအား အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

တင့်လွင်ဦး

*-*-*-*-*

*-*-*-*-*-*-*

# ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့(A Global Call For Climate Active) အသိပညာပေး ဆွေးနွေးပွဲ (Talk Show)ကျင်းပ

**တောင်တွင်းကြီး ဇွန် ၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ (A Global Call For Climate Active) အကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပခဲ့သည်။




အသိပညာပေးဆွေးနွေးပွဲ (Talk Show)တွင် ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးသူရမောင်မောင်တို့က ရာသီဥတုပြောင်းလဲခြင်း၏ အဓိပ္ပာယ်များအကြောင်း၊ ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသော အဓိကအကြောင်းအရင်းများအကြောင်း၊ ရာသီဥတုပြောင်းလဲမှု၏ လက္ခဏာများအကြောင်း၊ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုများအကြောင်း၊ ရာသီဥတုပြောင်းလဲမှုကို လျော့ကျစေသည့် နည်းလမ်းများအကြောင်း စသည့် အကြောင်းအရာများနှင့်ပတ်သတ်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ (A Global Call For Climate Active) အကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show) အပြည့်အစုံကို တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် Page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

နောင်နောင်(မိဿနိုးမြေ)

*-*-*-*-*

# ပန်းအက္ခရာအမည်ဖြင့် ပန်းချီချစ်နှင်းအိမ်၏ ဆဋ္ဌမအကြိမ် တစ်ကိုယ်တော် ပန်းချီပြပွဲပြုလုပ်



**ပြင်ဦးလွင် ဇွန် ၃**

ပြင်ဦးလွင်မြို့၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၁၀)၊ ဒုဋ္ဌဝတီလမ်း၊ အမှတ်(ဓ/၅၈)တွင် ဖွင့်လှစ်ထားရှိသော တောင်လှေကား Homeart Gallery အနုပညာပြခန်းတွင် ဇွန် ၃ ရက် နံနက် ၉ နာရီက ပန်းချီချစ်နှင်းအိမ်မှ 'ပန်းအက္ခရာ' အမည်ဖြင့် ဆဋ္ဌမအကြိမ် တစ်ကိုယ်တော် ပန်းချီပြပွဲကို ဖွင့်လှစ်ပြသခဲ့သည်။

ပန်းချီ ချစ်နှင်းအိမ်အား ၁၉၈၀ ပြည့်နှစ်၊ ပုဂံမြို့တွင် ဦးလှဝင်း၊ ဒေါ်လှရှင်တို့မှ မွေးဖွားခဲ့ပြီး လက်ရှိအချိန်ထိ ပုဂံမြို့တွင် အခြေချနေထိုင်ကာ ပန်းချီများကို ရေးဆွဲဖန်တီးလျက်ရှိသည်။

ပန်းချီပညာနှင့်ပတ်သက်၍ ၂၀၀၄ ခုနှစ်တွင် ပန်းချီဆရာကြီး ဦးမောင်သီဟထံတွင် စတင်သင်ကြားရေးဆွဲခဲ့ရာ ၂၀၁၂ ခုနှစ်မှ စတင်၍ Group Show များတွင် စတင်ဝင်ရောက်ပြသခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဆရာဖြစ်သူ ပန်းချီဆရာကြီးနှင့်အတူ ပန်းချီပြပွဲကို ၂၀၂၀ ပြည့်နှစ်တွင် ပါဝင်ပြသခြင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ပထမဆုံး တစ်ကိုယ်တော်ပြသခြင်း၊ ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ်များတွင် တစ်ကိုယ်တော်ပန်းချီပြသခြင်းများ ပြုလုပ်ခဲ့ရာ ယခုပြပွဲသည် ဆဋ္ဌမအကြိမ်မြောက် ပြသခြင်းဖြစ်သည်။

အဆိုပါ ပြပွဲကို ဇွန် ၃ ရက်မှ ၇ ရက်ထိ ငါးရက်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီအနုပညာချစ်မြတ်နိုးသူများ လာရောက်ကြည့်ရှုခံစားနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၇၀)




ပတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့ခေတ်

## 'နေ့စဉ် စာဖတ်ပါ'

* စာပေဆိုတာ
လူတွေရဲ့ ဘာသာစကား
လူတွေရေးတဲ့စာ။

* မဒိုဘူး
မဟောင်းဘူး
စာကောင်းပေကောင်း
မိတ်ဆွေကောင်းက
သူတ၊ ရသ ဖွေရှာပြ၍
အမှောင်ကိုခွင်း
အလင်းကိုဆောင်
လူ့ဘောင်ငြိမ်းချမ်းရေး
ကျန်းမာရေး၊ ငွေကြေးနဲ့
ကြွယ်ဝချမ်းသာ လမ်းညွှန်ပါ၏။

* ယဉ်ကျေးလိမ္မာ ပညာရှိဖို့
နေ့စဉ်စာဖတ်စို့။

* ဦးနှောက်ဉာဏ် ရင့်သန်စေဖို့
နေ့စဉ် စာဖတ်စို့။

* စဉ်းစားဆင်ခြင်ဉာဏ်ရှိဖို့
နေ့စဉ် စာဖတ်စို့။

* အမှားကိုပြင် အမှန်မြင်ဖို့
နေ့စဉ် စာဖတ်စို့။

* လူတိုင်းပြည့်ဝစေဖို့
နေ့စဉ် စာဖတ်စို့။

* လူတိုင်းပျော်ရွှင်အေးချမ်းဖို့
နေ့စဉ် စာဖတ်စို့။ ။

မြတ်ထေရ်ကျော်

# လယ်ယာအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်

**စစ်ကိုင်း ဇွန် ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းမြို့နယ် သမဝါယမဦးစီးဌာန၊ ဆင်မင်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းရှိ အသင်းသားတောင်သူများ၏ လယ်ယာမြေများအား လူမှုစီးပွားဘဝမြှင့်တင်ရန်နှင့် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းဖြစ်စေရန်အတွက် ပြည်ထောင်စုဘတ်ဂျက်မှ ငါးဆယ်ရာခိုင်နှုန်း ထောက်ပံ့ငွေဖြင့် ရရှိထားသော ဒေဒေါင်းလယ်ယာသုံး စက်ကိရိယာများဖြင့် လယ်ယာအထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများကို အသင်းသားတောင်သူများ၏ လယ်ယာမြေများတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျေးရွာများတွင် အသင်းသား တောင်သူများ၏ လယ်ယာမြေများကို လယ်ယာသုံးစက်ကိရိယာများဖြင့် ဆောင်ရွက်ပေးနေမှုများကို ဆင်မင်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းအမှုဆောင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

*-*-*-*-*

# နိုင်ငံတကာ အားကစား သတင်းများ

## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းဗိုလ်စွဲမည်ဟု စူပါကွန်ပျူတာ ခန့်မှန်း

**မက်ဒရစ် ဇွန် ၃**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်း ဗိုလ်စွဲမည်ဖြစ်ကြောင်း စူပါကွန်ပျူတာက ခန့်မှန်းခဲ့သည်။

စူပါကွန်ပျူတာသည် လက်ရှိအပြီးသတ်ထုတ်ပြန်သည့် ကစားသမားများ၏ အချက်အလက်များပေါ်မူတည်၍ ယခုလို ခန့်မှန်းခဲ့ခြင်းဖြစ်သည်။



စူပါကွန်ပျူတာ၏ ခန့်မှန်းချက်အရ ၂၀၂၆ ကမ္ဘာ့ဖလားကို ဗိုလ်စွဲရန် စပိန်အသင်းက ထိပ်ဆုံးတွင် ရေပန်းစားနေပြီး ၄င်းနောက်တွင် အင်္ဂလန်၊ အာဂျင်တီးနားအသင်းတို့က ရပ်တည်ခဲ့သည်။

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(H)တွင် ဥရုဂွေး၊ ဆော်ဒီအာရေဗျ၊ ကိပ်ဗာဒီအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

ယခုနှစ် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို အသင်းပေါင်း ၄၈သင်း၊ အုပ်စု ၁၂ ခုဖြင့် ပထမဆုံး အကြိမ် ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

(ဓါတ်ပုံ) (NGB)

## အယ်လစ်စ်ဖီဘတ်စ်ကို ဆဲလ်တာဗီဂိုအသင်း ခေါ်ယူ

**မက်ဒရစ် ဇွန် ၃**

ဆဲလ်တာဗီဂိုအသင်းသည် အယ်လ်ချီအသင်း ကွင်းလယ်ကစားသမား အယ်လစ်စ်ဖီဘတ်စ်ကို ပြောင်းရွှေ့ကြေး ၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဆဲလ်တာဗီဂိုအသင်းနှင့်အတူ ၂၀၂၉ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား အယ်လစ်စ်ဖီဘတ်စ်သည် အယ်လ်ချီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၅ ပွဲကစားပြီး လေးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆဲလ်တာဗီဂိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ အယ်လစ်စ်ဖီဘတ်စ်က "ကျွန်တော် ဆဲလ်တာဗီဂိုအသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ **(အောက်ပုံ)**

(NGB)




## ဒင်းနစ်စ်အန်ဒါ့ဗ် စတုဂတ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် ဇွန် ၃**

စတုဂတ်အသင်းသည် အသင်းတိုက်စစ်မှူး ဒင်းနစ်စ်အန်ဒါ့ဗ်ကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် စတုဂတ်အသင်းက အလျင်အမြန် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဒင်းနစ်စ်အဒါ့ဗ်သည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် စတုဂတ်အသင်းကို ဘွန်ဒက်လီဂါ အမှတ်ပေးဇယား




အဆင့်(၄)နေရာထိ ရရှိအောင် အကောင်းဆုံး ပံ့ပိုးကူညီပေးနိုင်ခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒင်းနစ်စ်အန်ဒါ့ဗ်သည် စတုဂတ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၇ပွဲကစားပြီး ၅၇ ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြထားသည်။ **(အပေါ်ပုံ)**

(NGB)

## အင်နီယေစတာကို နည်းပြသစ်အဖြစ် Gulf United အသင်းခန့်အပ်

**ဒူဘိုင်း ဇွန် ၃**



ယူအေအီးကလပ် Gulf United အသင်းသည် အသင်းနည်းပြသစ်အဖြစ် အင်နီယေစတာကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အင်နီယေစတာသည် Gulf United အသင်းနှင့်အတူ တစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

အသက်(၄၂)နှစ်အရွယ်ရှိ အင်နီယေစတာသည် ကစားသမားဘဝမှ အနားယူပြီးနောက် ပထမဆုံးအကြိမ်အဖြစ် နည်းပြဘဝကို စတင်ခဲ့ပြီဖြစ်သည်။

အင်နီယေစတာက "ကျွန်တော် Gulf United အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(အပေါ်ပုံ)

(NGB)

## မိုင်တီဇူဘီတာ ဘီလ်ဘာအိုအမျိုးသမီးအသင်းမှ ထွက်ခွာ

**မက်ဒရစ် ဇွန် ၃**

ဘီလ်ဘာအိုအသင်း ကွင်းလယ်ကစားသမား မိုင်တီဇူဘီတာသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကုန်ဆုံးပြီးနောက် အသင်းမှ ထွက်ခွာခဲ့ပြီ ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် အာဆင်နယ်အမျိုးသမီးအသင်း၊ မန်ယူအမျိုးသမီးအသင်း၊ ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်း၊ အင်တာမီလန်အမျိုးသမီးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



ကွင်းလယ်ကစားသမား မိုင်တီဇူဘီတာသည် ဘီလ်ဘာအိုအမျိုးသမီးအသင်းနှင့် အတူ ၂၀၂၂ မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၈၂ ပွဲကစားကာ တစ်ဂိုးသွင်းယူထားသည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား မိုင်တီဇူဘီအနေဖြင့် ဘီလ်ဘာအိုအသင်းမှ ထွက်ခွာခဲ့ပြီးနောက် မည်သည့်အသင်းသို့ ပြောင်းရွှေ့သွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## ကူကူရယ်လာကို ခေါ်ယူရန် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ အပြိုင်စိတ်ဝင်စား

**မက်ဒရစ် ဇွန် ၃**

စပိန်လာလီဂါထိပ်သီးကလပ် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့သည် ချဲလ်ဆီးအသင်းနောက်ခံကစားသမား ကူကူရယ်လာကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၃ပွဲကစားပြီး ကိုးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပိန်လာလီဂါထိပ်သီးကလပ်အသင်းများက အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။ **(အောက်ပုံ)**

နောက်ခံကစားသမား ကူကူရယ်လာ ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် ချဲလ်ဆီးအသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းမှ ကူကူရယ်လာကို မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)




### နိုင်ငံတကာခြေစမ်းပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၄-၆-၂၀၂၆ ည ၁၀း၃၀ နာရီ | မြောက်အိုင်ယာလန် - ဂွနီယာ |
| ,, | စလိုဗေးနီးယား - ဆိုက်ပရပ်စ် |
| ၄-၆-၂၀၂၆ ည ၁၁း၃၀ နာရီ | အန်ဒိုရာ - လက်ချင်စတိန်း |
| ,, | ဆွီဒင် - ဂရိ |
| ၅-၆-၂၀၂၆ နံနက် ၀၁း၃၀ နာရီ | စပိန် - အီရတ် |
| ၅-၆-၂၀၂၆ နံနက် ၀၁း၄၀ နာရီ | ပြင်သစ် - အိုင်ဗရီကို့စ် |
| ၅-၆-၂၀၂၆ နံနက် ၀၈း၃၀ နာရီ | မက္ကဆီကို - ဆားဘီးယား |

### ၂၀၂၇ အာရှဖလား(ခြေစစ်ပွဲ) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၄-၆-၂၀၂၆ ည ၁၀း၃၀ နာရီ | လက်ဘနွန် - ယီမင် |



## မော်ရိုကိုအသင်းက မာဒါဂါစကာအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၃**

နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် မော်ရိုကိုအသင်းနှင့် မာဒါဂါစကာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မော်ရိုကိုအသင်းက မာဒါဂါစကာအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မော်ရိုကိုအသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၄မိနစ်နှင့် ပွဲချိန် ၂၅မိနစ်တွင် ဆိုင်ဘာရီ၊ ပွဲချိန် ၇၈မိနစ်တွင် ရာဟီမီ၊ ပွဲချိန် ၈၇မိနစ်တွင် အယ်လ်ကာဘီတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

မော်ရိုကိုအသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဇွန် ၈ ရက်တွင် နော်ဝေအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)

## 2026 Roland Garros အမျိုးသားတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Alexander Zverev တက်ရောက်

**ပါရီ ဇွန် ၃**

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တက်ရောက်ခဲ့သည်။

အဆိုပါ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev သည် 2026 Roland Garros တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Rafael Jodar ကို ၇-၆၊ ၆-၁၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2026 Roland Garros တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev နှင့် ချက်တင်းနစ်ကစားသမား Jakub Mensik တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အောက်ပုံ) (NGB)**



ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



**သပြေသီး**

သပြေပင်စည်၊ အသီး၊ အစေ့၊ အရွက်၊ ပန်းပွင့်နဲ့ အမြစ်တို့မှာ Phyto Chemicals များ ကြွယ်ဝပါတယ်။

သပြေသီးမှည့်မှာပါတဲ့ အင်န်တီအောက်ဆီးဒင့်များက ကင်ဆာဆဲလ်တွေကို ဆက်လက်မပြန့်ပွားအောင် ဟန့်တားပေးနိုင်ပါတယ်။

အသည်းကို ကျန်းမာစေပြီး အသည်းကြီးတာကို ကာကွယ်ပေးနိုင်ပါတယ်။

အစာမကြေ၊ ရင်ပြည့်ရင်လည်း အသီးကို စားနိုင်ပါတယ်။ လည်ချောင်းနာတာကိုလည်း သက်သာပျောက်ကင်းစေပါတယ်။

အရေပြားယားနာများအတွက် သပြေသီးသတ္တုရည်ကို လိမ်းပေးရင် ပျောက်ကင်းပါတယ်။

ဝမ်းဗိုက်အတွင်း ဆံပင်၊ သံမှုန်၊ သံစများ ဝင်သွားပါက သပြေသီးကို စားပေးခြင်းဖြင့် ကျေပျက်သွားစေပါတယ်။

သပြေသီးအစေ့ရဲ့ အနှစ်ကလည်း သွေးဖိအားကို ကျစေပါတယ်။

အရေပြားကို ချောမွေ့တောက်ပစေပါတယ်။ အင်န်တီအောက်ဆီးဒင့်နဲ့ ဗီတာမင်စီ ပါဝင်တဲ့အတွက် ကော်လာဂျင်ဖြစ်လာမှုကို ကူညီပေးနိုင်ပါတယ်။

ဇင့်နဲ့ ဗီတာမင်စီ ပါတဲ့အတွက် ချောင်းဆိုး၊ ရင်ကြပ်ရောဂါကို ကာကွယ်ပေးပါတယ်။

သပြေသီးအစေ့မှာ ကစီဓာတ်ကနေ သကြားဓာတ်အဖြစ်ကို ပြောင်းတဲ့အခါမှာ ရပ်ဆိုင်းသွားစေတဲ့ ဓာတ်များ Alkaloid, Jambosine, Glycoside Jambolin or Antimellin စတဲ့ ဓာတ်တွေ ပါဝင်နေပါတယ်။

သပြေသီးမှည့်က အင်ဆူလင်ထုတ်ပေးနိုင်တဲ့ ပန်ကရိယကို အားကောင်းစေပါတယ်။ ပန်ကရိယကို ကျန်းမာစေတဲ့အတွက် ဆီးချိုရောဂါကို ကာကွယ်ကုသနိုင်ပါတယ်။

သပြေသီးနဲ့ အစေ့က သွေးတွင်းသကြားဓာတ်ကို လျော့နည်းစေပါတယ်။ အမျိုးအစား (၂)ဆီးချိုရောဂါ (Insulin Resistance) ကို ကာကွယ်ကုသနိုင်ပါတယ်။

သပြေပင်မှာ Nutrients, Vitamins, Minerals နဲ့ Phyto Chemicals များ အမျိုးစုံပါဝင်နေတဲ့အတွက် ကျန်းမာရေးကို အကျိုးပြုတဲ့ အပင်ဖြစ်ပါတယ်။



**ယုဇန**

အရွက်၊ အကိုင်းအခက်၊ ပင်စည်၊ အခေါက်နဲ့ အမြစ်တို့ကို ဆေးအဖြစ် အသုံးပြုကြပါတယ်။

ပြည်တည်တဲ့အနာ၊ ယဉ်းနေတဲ့အနာများကို ပြန်လည်ကောင်းမွန်သက်သာစေပါတယ်။

အဆစ်ရောင်တာကို ကုသရာမှာ အသုံးပြုပါတယ်။ သွားကိုက်တာကို သက်သာစေပါတယ်။

အရွက်နဲ့ အခေါက်ကို အဖျားရောဂါ၊ ငှက်ဖျား၊ ဆီးချိုရောဂါကုသရာမှာလည်း အသုံးပြုပါတယ်။ ဝမ်းလျှောတာနဲ့ အရိုးကျိုးရာမှာလည်း အသုံးပြုပါတယ်။

ရောင်ရမ်းတာကို သက်သာစေပါတယ်။ ကြွက်သားများ နာကျင်ရောင်ရမ်းနေပါက အရွက်ရည်ကို လိမ်းပေးခြင်းဖြင့် သက်သာစေပါတယ်။

ဆီးလမ်းကြောင်း ပိုးဝင်တာကိုလည်း သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်အလေးချိန်ကို ထိန်းပေးနိုင်ပါတယ်။ အသားအရေကို ချောမွေ့နူးညံ့စေပါတယ်။

ဟင်းချက်ရာမှာ ပန်းပွင့်နဲ့ အရွက်ကို အနံ့မွှေးစေရန် ထည့်ကြပါတယ်။

ပန်းပွင့်ကို ရေနွေးကြမ်းခတ်ပြီး သောက်သုံးကြပါတယ်။



**နွယ်သာကီ**

အရွက်၊ ပင်စည်နဲ့ အမြစ်တို့က ဆေးဖက်ဝင်ပါတယ်။ အစိမ်းရင့်ရောင်တောက်ပြောင်နေတဲ့ အရွက်များမှာ အပင်ဓာတ်ပေါင်း Nerioside နဲ့ (Bioactive Compounds, Phyto Chemicals) တို့ ပါဝင်ပါတယ်။ ပင်စည်မှာလည်း ပါဝင်ပါတယ်။ အမြစ်မှာတော့ အနည်းငယ်ပါဝင်ပါတယ်။

**၁။ အရေပြားကျန်းမာရေးကောင်းစေတယ်**

နွယ်သာကီကို အခြေခံထုတ်လုပ်ထားတဲ့ အရေပြားထိန်းသိမ်းတဲ့ထုတ်ကုန်များ (Skin Care, Creams and Serums) က အရေပြားကို အသစ်တစ်ဖန်ဖြစ်လာစေပါတယ်။ အရေပြားတွန့်ခြင်း၊ အရေးအကြောင်းများနဲ့ အစွန်းအထင်းများကို လျော့နည်းစေပါတယ်။

Nerium ပါတဲ့ Skin Care ကို သုံးပါက အရေပြားမှာ နေရောင်ခြည်ထိတွေ့မှုဒဏ်ကို ခံနိုင်ရည် မရှိမှု များစေပါတယ်။ Nerium ပါတဲ့ Skin Care ကို သုံးပါက Sunscreen ကိုပါ သုံးသင့်ပါတယ်။

**၂။ ရောင်ရမ်းတာကို ကာကွယ်ပေးတယ်**

ရောင်ရမ်းတာကို လျော့စေတဲ့ ဂုဏ်သတ္တိရှိတဲ့အတွက် အဆစ်နာကျင်ရောင်ရမ်းခြင်းနဲ့ အရေပြားဖောရောင်ခြင်းတို့ကို ကာကွယ်ကုသနိုင်ပါတယ်။

**၃။ ရောဂါပိုးများဝင်ရောက်ခြင်းကို ကာကွယ်ပေးပါတယ်**

ခန္ဓာကိုယ်ခုခံနိုင်မှုစွမ်းအားမြင့်တက်စေရန် အထောက်အကူပြုပေးနိုင်တဲ့အတွက် ရောဂါပိုးများ ဝင်ရောက်ခြင်းကို ကာကွယ်ပေးပြီး ခန္ဓာကိုယ်ကျန်းမာရေးကို တိုးမြှင့်ပေးပါတယ်။

**၄။ နှလုံးကို ကျန်းမာစေတယ်**

နွယ်သာကီမှာပါတဲ့ အပင်ဓာတ်ပေါင်းများက နှလုံးကျန်းမာရေးကို အထောက်အကူပြုပေးပါတယ်။ သွေးဖိအားကို ပုံမှန်လည်ပတ်စေခြင်းဖြင့် နှလုံးရောဂါခံစားနေရမှုကို လျော့နည်းစေပါတယ်။

**၅။ အနာကျက်တာ မြန်စေတယ်**

ဒဏ်ရာအနာများကို အနာကျက်စေပါတယ်။ နွယ်သာကီအနှစ်ကို အနာနဲ့ ပြတ်ရှဒဏ်ရာပေါ် လိမ်းပေးပါက အနာကျက်တာ မြန်စေပါတယ်။

**၆။ ဆဲလ်များပျက်စီးခြင်းကို ကာကွယ်ပေးတယ်**

ဓာတ်တိုးဆန့်ကျင်နိုင်တဲ့ ဂုဏ်သတ္တိရှိတဲ့အတွက် ဆဲလ်များ ဓာတ်တိုးခြင်းကြောင့် ပျက်စီးခြင်းကို ကာကွယ်ပေးပါတယ်။

ဆဲလ်များဓာတ်တိုးခြင်းကြောင့် ရောဂါများ ခံစားရခြင်းနဲ့ အရွယ်မရောက်ခင် အိုမင်းခြင်းတို့ မဖြစ်စေရန် နွယ်သာကီဘယဆေး၊ နွယ်သာကီ ပါဝင်တဲ့ ဖြည့်စွက်စာများကို စားသုံးခြင်းဖြင့် ဆဲလ်များ ဓာတ်တိုးခြင်းကို ပျက်ပြယ်စေကာ ခန္ဓာကိုယ်ခုခံစွမ်းအားကို မြှင့်တင်ပေးနိုင်ပါတယ်။

**၇။ စိတ်ပူပန်မှုကို လျော့ကျစေတယ်**

စိတ်သောကရောက်ပြီး စိတ်ပူပန်မှုကို လျော့စေကာ စိတ်ကို အေးဆေးတည်ငြိမ်စေပါတယ်။

**၈။ ဆေးအဖြစ်ဖော်စပ်အသုံးပြုကြတယ်**

တိုင်းရင်းဆေးများမှာ အစာကြေညက်စေရန် ဆေးဖော်စပ်အသုံးပြုကြပါတယ်။

**၉။ အာရုံကြောကို ကျန်းမာစေတယ်**

ဦးနှောက် အာရုံကြော ကျန်းမာရေးကို အထောက်အကူပြုစေပါတယ်။

**၁၀။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ပျောက်ကင်းစေတယ်**

အအေးမိခြင်းနဲ့ ချောင်းဆိုးခြင်း စတဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကိုလည်း သက်သာ ပျောက်ကင်းစေပါတယ်။

ဘေးထွက်ဆိုးကျိုးအနေနဲ့ အရေပြားကို ယားယံစေခြင်း၊ အဆိပ်အတောက်ဖြစ်စေခြင်းတို့ ဖြစ်နိုင်တဲ့အတွက် နွယ်သာကီ (Nerium) ပါတဲ့ အရေပြားထိန်းဆေး (Skin Care)၊ ဆေးများ၊ ဖြည့်စွက်စာများ အသုံးပြုတဲ့အခါမှာ သေချာစီမံထုတ်လုပ်ထားတဲ့ ဆေးကိုသာ အသုံးပြုသင့်ပါတယ်။



**ငါးဥသီး**

ငါးဥသီးပင်ရဲ့ အရွက်၊ ပင်စည်၊ အခေါက်နဲ့ အသီးများက ဆေးဖက်ဝင်ပါတယ်။

ငါးဥသီးအခြောက်မှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်တဲ့အတွက် ရောင်ရမ်းတာကို ကျစေပါတယ်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက ဆဲလ်များ ဓာတ်တိုးပြီး ပျက်စီးခြင်းကို ကာကွယ်ရာမှာ ကူညီပေးပါတယ်။

ဖျားနာခြင်း၊ ကင်ဆာရောဂါဖြစ်ခြင်း၊ နှလုံးနဲ့သက်ဆိုင်တဲ့ ရောဂါများနဲ့ အယ်လ်ဇိုင်းမားရောဂါများကိုလည်း ကာကွယ်ပေးပါတယ်။

ဗီတာမင်အေ ကြွယ်ဝတဲ့အတွက် မျက်လုံးကျန်းမာရေးကို ကောင်းမွန်စေပါတယ်။ ဆဲလ်များကြီးထွားမှုနဲ့ ခန္ဓာကိုယ်ခုခံနိုင်စွမ်းအားကိုလည်း ကောင်းမွန်စေပါတယ်။

အမျှင်ဓာတ်၊ ပိုတက်စီယမ်နဲ့ ဗီတာမင်စီ ပါဝင်တဲ့အတွက် နှလုံးကျန်းမာရေးကောင်းစေရန် အထောက်အပံ့ပေးနိုင်ပြီး နှလုံးရောဂါဖြစ်မှုကို နည်းပါးစေရန် ကူညီပေးပါတယ်။

ဗီတာမင်စီ ပါဝင်တဲ့အတွက် သွေးဖြူဥများ ထုတ်လုပ်ရန်အတွက် လှုံ့ဆော်ပေးခြင်းအားဖြင့် ခန္ဓာကိုယ်ခုခံနိုင်မှုစွမ်းအားတိုးတက်စေရန် အကျိုးပြုပါတယ်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများအဖြစ်လည်း တာဝန်ယူဆောင်ရွက်ပေးပါတယ်။

အမျှင်ဓာတ်ပါဝင်နေခြင်းက အစာခြေဖျက်မှုကိုကောင်းစေကာ အူလမ်းကြောင်းကျန်းမာရေးကို ကောင်းစေပါတယ်။ ဝမ်းချုပ်ခြင်း၊ ဝမ်းလျှောခြင်း စတဲ့အခြေအနေများကို ကုသရာမှာလည်း အသုံးပြုပါတယ်။

ခိုင်မာသန်စွမ်းတဲ့ အရိုးများ၊ သွားများအတွက် မရှိမဖြစ် အရေးကြီးတဲ့ ကယ်လ်စီယမ်လည်း ပါဝင်နေပါတယ်။

အရွက်နဲ့ အခေါက်မှုန့်များကို ဒဏ်ရာများပေါ်လိမ်းပေးခြင်းဖြင့် အနာကျက်စေပါတယ်။ အသားနုတက်တာ မြန်ပါတယ်။ အခေါက်ကို နာကျင်မှုသက်သာစေရန်လည်း အသုံးပြုပါတယ်။

အသီးမှာပါဝင်တဲ့ Phenolic Bioactive ဓာတ်ပေါင်းများ၊ အင်ဇိုင်းများက ဇီဝစက်လည်ပတ်ရာမှာ ပုံမှန်ဖြစ်စေတဲ့အတွက် သွေးတွင်းအချိုဓာတ်ကို လျော့နည်းစေပါတယ်။ အမျိုးအစား (၂)ဆီးချိုရောဂါကိုလည်း ထိန်းထားနိုင်ပါတယ်။

ကယ်လိုရီလျော့နည်းပြီး အမျှင်ဓာတ်ပါဝင်တာများတဲ့အတွက် ဝမ်းဗိုက်ပြည့်သလို ခံစားရပြီး ခန္ဓာကိုယ်အလေးချိန်လျော့အောင် လုပ်ဆောင်ရာမှာ အကူအညီပေးပါတယ်။

အရေပြားကိုလည်း သန့်ရှင်းကြည်လင်စေပါတယ်။ အရေပြားကို နေလောင်ခြင်းမှလည်း ကာကွယ်ပေးပါတယ်။

အသားအရေရောင်ရမ်းခြင်း၊ ယားယံခြင်းတို့ လျော့နည်းစေရန် အကူအညီပေးတဲ့အပြင် ရေဓာတ်ဖြည့်ပေးပြီး သဘာဝနည်းအရ အသားအရေကို အရေးအကြောင်းများ၊ အဖုအပိန့်များ ကင်းစင်စေပြီး လှပကြည်လင်သန့်ရှင်းစေပါတယ်။

ငါးဥသီးက မှည့်တဲ့အခါ အရသာရှိပြီး အာဟာရပြည့် ဘယ်ရီသီးဖြစ်လို့ စားသုံးသင့်ပါတယ်။ မှည့်တဲ့အချိန်မှာ အနီရောင်၊ လိမ္မော်ရောင် ပြောင်းသွားမှသာ စားသင့်ပါတယ်။ အစိမ်းရောင်၊ အဝါရောင်သာရှိသေးတဲ့ မမှည့်သေးတဲ့အသီးကို စားသုံးမိပါက အစာမကြေခြင်းနဲ့ ဝမ်းဗိုက်မကောင်းခြင်းတို့ ဖြစ်တတ်ပါတယ်။



**ပင့်ကူထိပ်ပိတ်ပင်**

မြွေကိုက်ခံရပါက ပင့်ကူထိပ်ပိတ်အရွက်တွေကို ရသလောက်အရည်ညှစ်ပြီး တိုက်လည်းတိုက်၊ နှာခေါင်းထဲလည်း အစက်ချပေးရင် မြွေဆိပ်တွေကို ပြေလျော့စေပါတယ်။

အရေပြားယားယံရင် အရွက်သတ္တုရည်ကို လိမ်းပေးရင် သက်သာပျောက်ကင်းစေပါတယ်။

အဆစ်ရောင်ရောဂါအတွက် အရွက်အရည်ကို ပိတ်ချင်းသီးအမှုန့်အနည်းငယ်နဲ့ရောသောက်ရင် ပျောက်ကင်းပါတယ်။

သုက်ခန်းတဲ့ရောဂါအတွက် အရွက်၊ အသီး၊ အပွင့်တွေကို ပြုတ်စား၊ သုပ်စား၊ ချက်စားရင် သက်သာစေပြီး အပင်ကိုပြုတ်ပြီး သကြားခတ်သောက်၊ အရည်ညှစ်ပြီး သကြားခတ်သောက်၊ အမြစ်သွေးရည်ကို သကြားခတ်သောက်ရင် ပျောက်ကင်းပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

ကိုးကား - Tik Tok

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁)တွင် တည်ရှိသော ဦးပိုင်အမှတ်(၂၂)အတွင်းမှ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်စီတာကူမာရီ(ခ)ဒေါ်သီတာရွှေ(၉/မနတ(နိုင်)၀၀၇၅၀၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့) (တရားလွှတ်တော်ရှေ့နေ)**

**ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့) (တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဒ–၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း 09-2070007 , 09-792070007 , 09-43250000**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဇ-၂)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀ ဒသမ ၀၆၉၇) ဧက အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အာရ်စီ (၆)ထပ် အဆောက်အအုံ၏ အရှေ့ဘက်ခြမ်း အခန်းအမှတ်(A-2)၊ ဧရိယာ ပေ(၁၉×၆၃) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ် အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးသိန်းဝင်း(ဘ)ဦးတင်ဝင်း(၉/ခမစ(နိုင်)၀၅၉၇၈၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်း၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁–အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၆၃/ရွှေစာရံ)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ(၂ ဒသမ ၄၀)ဧက အကျယ်အဝန်းရှိ ဦးဝင်းနိုင် အမည်ဖြင့် ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇)ရရှိထားသော မြေကွက်ကို ဦးဝင်းနိုင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်စန်းစန်းအေး(ဘ)ဦးအောင်ဒင်(၉/နထက(နိုင်)၀၀၀၃၆၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ – ဦးထွန်းနိုင်ဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း၈၀နှင့် ၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၀၂၆၇၄၇၅၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၇၅)၊ ဦးပိုင်နံပါတ်(၁၅-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးသန်းမြင့်ဌေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးမင်းထွန်း(ဘ)ဦးတင်ရွှေ(၁/မကတ(နိုင်)၀၆၀၂၈၅) [၎င်း၏ကိုယ်စား ဦးဖိုးသီး(ဘ)ဦးတင်ခိုင်(၅/ရဘန(နိုင်)၂၁၅၈၀၆)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ**

**ဦးဖြိုးသာစန့် (LL.B) အထက်တန်းရှေ့နေ**

**ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ**

**ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

**မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** — **ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**

| စဉ် | လျှောက်ထားသူ | လျှောက်ထားသည့်မြေ | | | | | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | အမည်/မှတ်ပုံတင် | လိပ်စာ | မြေအမည်ပေါက် | မြို့နယ် | အကွက် | ဦးပိုင် | |
| ၁။ | ဒေါ်ဝင်းဝင်းလှိုင်(၉/မနမ(နိုင်)၀၅၅၄၈၆)၊ ဦးအောင်ဇင်လှိုင်(၁၂/မဂတ(နိုင်)၀၁၄၇၄၀)၊ ဒေါ်ခင်ဥမ္မာလှိုင်(ခ)ခင်စိုးတင့်(၁၂/ကတတ(နိုင်)၀၁၀၁၄၂)၊ ဒေါ်မို့မို့လှိုင်(၉/မနမ(နိုင်)၀၅၄၉၂၀)၊ ဒေါ်ခင်စန္ဒာအောင်(၉/အမဇ(နိုင်)၀၀၀၃၂၁)၊ ဦးစိုးဝေအောင်(၉/အမဇ(နိုင်)၀၂၂၅၂၇)၊ ဦးစွမ်းပြည့်လင်း(၁၂/ကတတ(နိုင်)၀၂၅၃၃၁) | ၂၂လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ အနိုပ်တော် | ဒေါ်တင်နှင်းလှိုင်(ပါ-၈) | အောင်မြေသာစံ | ၄၁၇ | ၁၀၉–က/၆+ ၁၀၉–က/၁၁ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၂။ | ဒေါ်စုမြတ်ဦး (၉/ခအဇ(နိုင်)၀၀၈၇၈၄)၊ ဒေါ်ရွှေရည်ဝင်း(၉/ခအဇ(နိုင်)၀၂၄၇၅၀)၊ မောင်ကျော်ဝဋ္ဌာဘုန်းထက် (၉/ခအဇ(နိုင်)၀၇၇၆၃၇) | ၈၄လမ်းနှင့် ၈၅လမ်းကြား၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ အောင်နန်းရိပ်သာအနောက် | ဒေါ်မေမေကြည် | ချမ်းအေးသာစံ | ၅၆၅ | ၇၇+၇၈+၇၉ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၃။ | ဒေါ်စုမြတ်ဦး (၉/ခအဇ(နိုင်)၀၀၈၇၈၄)၊ ဒေါ်ရွှေရည်ဝင်း(၉/ခအဇ(နိုင်)၀၂၄၇၅၀)၊ မောင်ကျော်ဝဋ္ဌာဘုန်းထက် (၉/ခအဇ(နိုင်)၀၇၇၆၃၇) | ၈၄လမ်းနှင့် ၈၅လမ်းကြား၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ အောင်နန်းရိပ်သာအနောက် | ဒေါ်မေမေကြည် | ချမ်းအေးသာစံ | ၅၆၅ | ၃၉ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၄။ | ဒေါ်စုမြတ်ဦး (၉/ခအဇ(နိုင်)၀၀၈၇၈၄)၊ ဒေါ်ရွှေရည်ဝင်း(၉/ခအဇ(နိုင်)၀၂၄၇၅၀)၊ မောင်ကျော်ဝဋ္ဌာဘုန်းထက် (၉/ခအဇ(နိုင်)၀၇၇၆၃၇) | ၈၄လမ်းနှင့် ၈၅လမ်းကြား၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ အောင်နန်းရိပ်သာအနောက် | ဒေါ်မေမေကြည် | ချမ်းအေးသာစံ | ၅၆၅ | ၆၄ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၅။ | ဒေါ်ခင်နှင်းကြည်(ခ)နန်းရွှေပွင့် (၉/ခအဇ(နိုင်)၀၈၁၂၈၇) | ၇၇လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ တဲ့ဗုဏ္ဏမဟီ | ဦးစိုင်းမောင်လင်း(ပါ-၂) | ချမ်းအေးသာစံ | ၆၄၀ | ၁၈–၁ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၆။ | ဒေါ်စန်းစန်းရီ (၉/မရမ(နိုင်)၀၁၉၉၀၀) | ၅၈လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ တန်ကောက် | ဦးတင်မောင်အေး(ပါ-၂) | ချမ်းအေးသာစံ | ၅၁၄/၄ | ၁၃–ဃ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၇။ | ဦးစည်သူကျော် (၅/ရဥန(နိုင်)၀၄၃၁၈၅)၊ ဦးနိုင်မင်းထွေး (၉/ခမစ(နိုင်)၀၁၁၂၀၄)၊ ဦးမင်းသူရိန် (၉/ခမစ(နိုင်)၀၀၁၇၄၇)၊ ဒေါ်သန္တာမင်း (၈/သရန(နိုင်)၀၀၁၃၉၇) | ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ မြို့သစ်(၄) | ဒေါ်တင်မြင့် | ချမ်းမြသာစည် | ၈–၅ | ၇၄ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၈။ | ဦးစည်သူကျော် (၅/ရဥန(နိုင်)၀၄၃၁၈၅)၊ ဦးနိုင်မင်းထွေး (၉/ခမစ(နိုင်)၀၁၁၂၀၄)၊ ဦးမင်းသူရိန် (၉/ခမစ(နိုင်)၀၀၁၇၄၇)၊ ဒေါ်သန္တာမင်း (၈/သရန(နိုင်)၀၀၁၃၉၇) | ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ မြို့သစ်(၄) | ဦးအုန်းမြင့်(ခ)အုံးမြင့် | ချမ်းမြသာစည် | ၈–၅ | ၇၃ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၉။ | ဦးစိုးဝင်း (၉/အမရ(နိုင်)၀၈၄၇၈၄) | ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြား၊ မြရည်နန္ဒာ | ဦးအောင်မောင်း | ချမ်းမြသာစည် | ဘဘ–၈ | ၁၉ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၁၀။ | ဒေါ်မေသွေးချို (၉/မခန(နိုင်)၁၉၆၁၉၄) | ၅၂လမ်းနှင့် ၅၃လမ်းကြား၊ လမ်း၁၄၀နှင့် ၁၄၁လမ်းကြား၊ (ည) | ဗိုလ်မှူးမြင့်အောင် | ပြည်ကြီးတံခွန် | လလ–၃၇ | ၄၀ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၁၁။ | ဦးအောင်ကျော်မင်း (၉/ခအဇ(နိုင်)၀၀၈၃၄၇)၊ ဒေါ်သန်းသန်းဦး (၉/မရတ(နိုင်)၀၆၁၀၉၀)၊ ဒေါ်စန်းစန်းဦး (၉/မရတ(နိုင်)၀၀၁၅၈၁)၊ ဒေါ်အေးအေးဦး (၉/မရတ(နိုင်)၀၀၁၈၇၂)၊ ဒေါ်မြင့်မြင့်ဦး (၉/မရတ(နိုင်)၁၁၅၁၈၁)၊ ဒေါ်ညိုညိုဦး (၉/မရတ(နိုင်)၁၁၅၁၈၄)၊ ဒေါ်မော်မော်ဦး (၉/ခအဇ(နိုင်)၀၀၈၁၄၅)၊ ဒေါ်မိုးမိုးဦး (၉/ခအဇ(နိုင်)၀၀၈၁၄၉) | ၆၀(B)လမ်းနှင့်၆၁လမ်းကြား၊၁၄၀လမ်းနှင့်အမှတ်(၆)ရေဆိုးပစ်ချောင်းကြား၊(ချ) | ဦးနေဝင်း | ပြည်ကြီးတံခွန် | လလ–၄၆ | ၆၅ | အမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |
| ၁၂။ | ဒေါ်သင်းသင်းငွေ (၉/မရမ(နိုင်)၀၉၇၅၆၀) | ၁၀လမ်းပေါ်၊ သနပ်ခါးလမ်းနှင့် စိန်ပန်းလမ်းကြား၊ မှန်တန်း | ဦးတင်ထွန်းဦး(ပါ-၃) | အမရပူရ | ၆၀၃–က | ၃၁၈–ခဲစင်း တောင်ခြမ်း | ခဲစင်းပြအမွေဆက်ခံစာချုပ် ချုပ်ဆိုရန် |

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယခင်(ဈ)ရပ်ကွက်၊ ယခု(ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၇၈)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအောင်သန်း အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ + (ပါဝါမီတာ၊ ရိုးရိုးမီတာ)၊ ပေါက်ရောက်သစ်ပင်၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်သူထံမှ မိမိ၏ ဖခင်ဖြစ်သူ ဦးစိုးမြင့်က အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မိဘများ ကွယ်လွန်၍ (၂၅-၈-၂၀၂၄)ရက်စွဲပါ မိသားစုစီမံမှုပြုလုပ်ချုပ်ဆိုထားသည့် ကတိစာချုပ်အရ မိမိက တရားဝင် နေထိုင်ပိုင်ဆိုင်ခဲ့၍ ယင်းပစ္စည်းအရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးစိုးမိုးကျော်(အဘ)ဦးစိုးမြင့်(၉/အမဇ(နိုင်)၀၀၁၆၃၉)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | | | | | |
|---|---|---|---|---|---|---|
| **ဦးဇော်မင်းလေး** | **ဒေါ်အိအိဖွေး** | **ဦးစင်မင်းထိုက်** | **ဒေါ်ဆုမြတ်အောင်** | **ဒေါ်နီနီမြင့်** | **ဒေါ်ဆွေမြတ်စင်ဝင်း** | **ဒေါ်မေသူဇာဝင်း** |
| **(LL.B)** | **(LL.B)** | **(LL.B)** | **(LL.B)** | **(LL.B)** | **(LL.B)** | **(LL.B)** |

**တရားလွှတ်တော်ရှေ့နေများ**

**၂၈လမ်း၊ ၇၄လမ်းနှင့်၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၄၃၁၃၃၁၇၆၊ ၀၉-၆၈၈၉၈၈၀၀၁၊ ၀၉-၆၆၀၀၆၃၆၀၀၊ ၀၉-၄၀၂၆၃၉၇၆၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(H)၊ ဦးပိုင်အမှတ်(၁၀၆)၊ ဧရိယာ(၀ ဒသမ ၀၃၁၀)ဧက အကျယ်အဝန်းရှိ ဦးမြင့်ရီ အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ + မီး၊ ပေါက်ရောက်သစ်ပင်၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတို့က အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့၍ ယင်းပစ္စည်းအရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော (၁) ဦးစိုးမြင့်ဦး(အဘ)ဦးအောင်ထင်(၉/မနမ(နိုင်)၀၂၄၂၀၃)နှင့် (၂) ဒေါ်အေးအေးလွင်(အဘ)ဦးကျော်(၉/မနတ(နိုင်)၀၅၂၀၂၁)တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | | | | | |
|---|---|---|---|---|---|---|
| **ဦးဇော်မင်းလေး** | **ဒေါ်အိအိဖွေး** | **ဦးစင်မင်းထိုက်** | **ဒေါ်ဆုမြတ်အောင်** | **ဒေါ်နီနီမြင့်** | **ဒေါ်ဆွေမြတ်စင်ဝင်း** | **ဒေါ်မေသူဇာဝင်း** |
| **(LL.B)** | **(LL.B)** | **(LL.B)** | **(LL.B)** | **(LL.B)** | **(LL.B)** | **(LL.B)** |

**တရားလွှတ်တော်ရှေ့နေများ**

**၂၈လမ်း၊ ၇၄လမ်းနှင့်၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၄၃၁၃၃၁၇၆၊ ၀၉-၆၈၈၉၈၈၀၀၁၊ ၀၉-၆၆၀၀၆၃၆၀၀၊ ၀၉-၄၀၂၆၃၉၇၆၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၉၀/၁)တွင် ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ(၃ ဒသမ ၉၂၅)ဧကနှင့် ဦးပိုင်အမှတ်(၂-ခ)၊ ဧရိယာ(၁ ဒသမ ၆၀၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်များပေါ်တွင် Mandalay Garden City Construction Company Limited မှ ဆောက်လုပ်ထားသော Garden City Apartment Complex အတွင်းရှိ တိုက်အမှတ်(၁၅)၊ အလွှာ(၇)၊ အခန်းအမှတ်(၇၀၂)၊ (၆၀၅)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်လျက်ရှိသူဟု အဆိုပြုသော ဒေါ်နှင်းယုဝေ(ဘ)ဦးလောက်စံ(၉/ခအဇ(နိုင်)၀၄၀၁၂၆)ထံမှ ဒေါ်ချိုချိုမာ(ဘ)ဦးမောင်ခင်(ခ)လီဗွာခင်(၉/မရတ(နိုင်)၁၀၅၄၅၁)မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ပွင့်ရည်ဦး(ခ)ချောချော**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၈၉၉၉)**
**ဖုန်း ၀၉-၂၀၂၀၄၇၇၊ ၀၉-၉၄၂၀၂၀၄၇၇**
**လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၉၆-န)၊ ဧရိယာ(၀ ဒသမ ၁၂၃၆)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးခင်မောင်ဝင်း၊ ဒေါ်ခင်မြဝင်းတို့ အမည်ပေါက်လျက်ရှိသော ဂရန်မြေကွက်ဖြစ်ပါသည်။

အမည်ပေါက်သူများထံမှ အထက်ဖော်ပြပါ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၉၆-န)၊ ဧရိယာ(၀ ဒသမ ၁၂၃၆)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ် အဆောက်အအုံအပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံများနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်တို့၏မိတ်ဆွေတို့က အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်ကြည်ကြည်ဝင်း** | **ဦးထက်နောင်ဦး** | **ဒေါ်ပွင့်ရည်ဦး(ခ)ချောချော** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**ဖုန်း–၀၉-၂၀၃၂၆၈၅၊ ၀၉-၂၀၂၀၄၇၇၊ ၀၉-၉၄၂၀၂၀၄၇၇၊ ၀၉-၇၇၄၄၈၁၅၄၉**
**လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇-ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(စ/၆၈၆)၊ ဧရိယာ အလျား ပေ(၆၀) × အနံ ပေ(၄၀) အကျယ်အဝန်းရှိ ဗိုလ်မှူး ဉာဏ်လွင် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း အလျား (၁၅)ပေ × အနံ ပေ(၄၀) အကျယ်အဝန်းရှိ မြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သည့် ဦးဖိုးယောက်(၈/မမန(နိုင်)၁၆၅၇၄၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြင့်သန်းဌေး (LL.B,D.B.L, PCT(Treaty), IP(Law)) တရားလွှတ်တော်ရှေ့နေ**
**ဦးကျော်စင်ဦး (LL.B)၊ ဒေါ်စင်မာစိုး (LL.B)၊ ဒေါ်သီရိအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၁-ခ)၊ ၅၆-ဘီလမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ကန်ကောက်ရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ၀၉-၇၉၈၇၄၄၁၀၃**

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၅)၊ ဦးပိုင်အမှတ်(၅၉)၊ ၇၄ လမ်းအနောက်ဘက်၊ ရန်-မန်းလမ်းဟောင်းမြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော်ဝင်း(ခ)ရန်ကျွေ့ယုံ(၁၃/တယန(နိုင်)၀၀၀၃၀၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၀၄၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စိန်စိန်(၅/စကန(နိုင်)၁၀၇၃၉၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၆၄)၊ ဦးပိုင်အမှတ်(၃၃)၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၄၃လမ်းနှင့် ၁၄၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းစော(၉/မနတ(နိုင်)၀၈၈၈၁၃)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၀)၊ ဦးပိုင်အမှတ်(၄၆)၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ၁၄၁လမ်းနှင့် ၁၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းယေ့(၁၃/မဆတ(နိုင်)၀၀၀၉၇၆)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ ဦးပိုင်အမှတ်(၄၅-က)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နုနု(၉/မရတ(နိုင်)၀၂၁၁၆၂)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ဒုတိယသမ္မတ ဦးညိုစောရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး H. E. Mr. Anton Kobyakov နှင့် ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၃

(၂၉) ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ် (29th St. Petersburg International Economic Forum– SPIEF 2026) သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် ရုရှားသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး H. E. Mr. Anton Kobyakov နှင့် ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ (Fund RC–Investments)ညွှန်ကြားရေးမှူး Mr . Alexander Sergeevich Shatirov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့အား ယနေ့တွင် စိန့်ပီတာစဘတ်မြို့ရှိ EXPOFORUM Convention and Exhibition Centre ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ရုရှားသမ္မတ၏အကြံပေးနှင့် ဖိုရမ်ကျင်းပရေး ကော်မတီ အမှုဆောင်အတွင်းရေးမှူးနှင့် တွေ့ဆုံစဉ် မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့အပါအဝင် ကဏ္ဍစုံကျယ်ပြန့်စွာ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း။

စာမျက်နှာ ၁၀ သို့ ★



ဒုတိယသမ္မတ ဦးညိုစော ရော့စ်ကွန်ဂရက်စ် ငွေကြေးရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

## အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ကြိုဆို

နေပြည်တော် ဇွန် ၃

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် ကယားပြည်နယ်အတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယမန်နေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့်

စာမျက်နှာ ၁၀ သို့ ✪



အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

## AYA Tri – Nation Cup 2026 လက်ရွေးစင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အား MRTV မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇွန် ၃

AYA Tri – Nation Cup 2026 လက်ရွေးစင် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ဇွန် ၆ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါ ပွဲစဉ်ကို MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရောဝတီအက်ဖ်စီအသင်း ပါဝင်သည့် AFC အမျိုးသမီးချန်ပီယံလိဂ် မဲခွဲပွဲ ဇူလိုင်လတွင် ပြုလုပ်မည်




ရန်ကုန် ဇွန် ၃

အာရှဘောလုံးအဖွဲ့ချုပ်(AFC)က ဦးစီးကျင်းပမည့် AFC Women's Champions League 2026/2027 ပြိုင်ပွဲ၏ ပဏာမအဆင့် (Preliminary Stage)မဲခွဲပွဲ အခမ်းအနားကို လာမည့် ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂ ရက် မလေးရှားစံတော်ချိန် (၁၅:၀၀)နာရီ (မြန်မာစံတော်ချိန် မွန်းလွဲ ၁နာရီခွဲ)တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ AFC House၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ စာမျက်နှာ ၁၁ သို့ ✡

## AYA Tri Nation Cup သုံးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း ဥဇဘက်ကစ္စတန်ကို အရေးနိမ့်

ရန်ကုန် ဇွန် ၃

**AYA Tri Nation Cup သုံးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ ပထမနေ့ကို ဇွန် ၃ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ ဥဇဘက်ကစ္စတန်အသင်းက မြန်မာအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။**

အိမ်ရှင်မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အဖွင့်ပွဲတွင် အရေးနိမ့်ခဲ့သဖြင့် ချန်ပီယံမျှော်လင့်ချက်နည်းပါးသွားပြီး ဒုတိယပွဲတွင် ဥဇဘက်ကစ္စတန်အသင်းသာ ထိုင်းအသင်းထံမှ အမှတ်ရယူနိုင်ပါက ချန်ပီယံမျှော်လင့်ချက် အဆုံးသတ်မည်ဖြစ်သည်။ နည်းပြသစ် မစ်ဆုအိုကာတိုလက်ထက် ပထမဆုံးပွဲတွင် မြန်မာအသင်း အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ပြီး မြန်မာအသင်းသည် ယခုပွဲတွင် အသင်းလိုက်ကစားပုံ မကောင်းသည့်အပြင် တစ်ဦးချင်း စွမ်းဆောင်ရည်မှာလည်း အမှားများသဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၀ သို့ ❖

